ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၇ ရက်၊ ဗုဒ္ဓဟူးနေ့၊ (19-4-2006)(၄၉၃၂)

တပ်မတော် အစိုးရလက်ထက်တွင် မော်တော်ကားလမ်းများ၊ မီးရထားလမ်းများ၊ တံတားများကို တည်ဆောက်နေသည့် ရည်ရွယ်ချက်သည် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံးကို သွားလာမှု လွယ်ကူချောမွေ့ပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပိုမိုရရှိခိုင်မာစေရေး၊ နယ်မြေဒေသအားလုံး တစ်ပြိုင်တည်း ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေး၊ တိုင်းရင်းသားများ၏ စီးပွားရေးဖွံ့ဖြိုးမှု ခိုင်မာပြီး လူနေမှုဘဝ မြင့်မားလာစေရေးအတွက်ဖြစ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို နှင့် အဖွဲ့ဝင်များ မော်လမြိုင်ဘူတာမှ ပထမဦးဆုံး စတင်ထွက်ခွာသည့် အမှတ်(၉၀) အစုန် မော်လမြိုင်–ရန်ကုန် အမြန်ရထားဖြင့် လိုက်ပါစီးနင်းသည့် ခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

သံလွင်တံတား(မော်လမြိုင်) ရထားတံတားနှင့် ခေတ်မီမော်လမြိုင်ဘူတာရုံသစ် ဖွင့်ပွဲအခမ်းအနားကျင်းပ
ပင်မတံတားကြီးကိုသာမက ရထားလမ်းများကိုပါ မြန်မာအင်ဂျင်နီယာများက ကြိုးစားကြိုးစည် တည်ဆောက်ခဲ့
ဤတံတားကြီးသည် နည်းပညာအဆင့်အတန်းရှိသည့်အပြင် နိုင်ငံတော်နှင့်ဒေသအတွက်လည်း အရေးပါ

နေပြည်တော်　　ဧပြီ　　၁၈

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ မော်လမြိုင်ဘူတာနှင့် သံလွင်တံတား(မော်လမြိုင်) ရထားတံတား ဖွင့်ပွဲအခမ်းအနားကို မြန်မာနှစ်ဆန်းတစ်ရက် ယမန်နေ့ နံနက် ၇ နာရီ ၄၅ မိနစ်တွင် အဆိုပါ ဘူတာအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တက်ရောက်၍ အမှာစကားပြောကြားပြီး မော်လမြိုင်ဘူတာ ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးတင့်ဆွေ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီးများဖြစ်ကြသော သူရ ဦးသောင်းလွင်နှင့် ဦးဖေသန်း၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူး၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်အတွင်းရှိ **စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ▲**

မြန်မာနှစ်ဆန်း တစ်ရက်နေ့က ဖွင့်လှစ်လိုက်သည့် မော်လမြိုင်ဘူတာကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၉–၄–၂၀၀၆
(ဗုဒ္ဓဟူးနေ့)

တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်မွေးမြူ နိုင်ငံတော်အတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်းရှိ နယ်မြေဒေသအစိတ်အပိုင်းများအားလုံး ယှက်နွယ်ပေါင်းစည်းပြီး ညီညွတ်မျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရန် အဘက်ဘက်မှ ဖန်တီးဖော်ဆောင်ပေးနေသည်။

နိုင်ငံ၏ ခေနအင်အား တောင့်တင်းခိုင်မာရေးတွင် ပင်မစီးပွားရေးအခြေခံဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးလာစေရေးအတွက် စိုက်ပျိုးရေရရှိရေး အပါအဝင် လိုအပ်ချက်များကို စီမံဖြည့်ဆည်းပေးလျက်ရှိသည်။

အလားတူ စက်မှုကဏ္ဍ၌ အရည်အသွေးမြင့် စက်ရုံများထူထောင်နိုင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများ တိုးတက်ပြီး ပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရေးတို့အတွက် အစဉ်တစိုက် မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်က ကြိုးပမ်းဖော်ဆောင်လျက်ရှိရာတွင် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးသည် မရှိမဖြစ် လိုအပ်ချက်ဖြစ်သည်။ ထို့ကြောင့် ပြည်သူများ စိတ်အေးချမ်းမြေ့ လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်ရေးအတွက် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့ရေး အစီအမံများကို နိုင်ငံတစ်ဝန်း ချမှတ်အကောင်အထည်ဖော်ပေးနေခြင်းဖြစ်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်ဖောက်လုပ်ခဲ့သည့် ရန်ကုန်–ကျောက်ဖြူ လမ်းမကြီးနှင့် မင်းကြောင်းချောင်းတံတား ဖွင့်ပွဲအခမ်းအနားများကို ဧပြီလ ၁၇ရက်နေ့ကကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ အားပေးချီးမြှင့်ပြီး နှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နှုတ်ခွန်းဆက်စကားပြောကြားရာတွင်–

မိမိတို့နိုင်ငံ၌ ရေမြေသယံဇာတ ပြည့်စုံဖူလုံမှုလည်း ရှိပြီးဖြစ်၍ တက်ညီလက်ညီ အလုပ်လုပ်ကြရန်လိုကြောင်း၊ နိုင်ငံတော် နယ်နိမိတ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံး ပြည်ထောင်စုစိတ်ဓာတ်မွေးမြူပြီး ပြည်ထောင်စုကြီးကို အလုပ်အကျွေးပြုကြရန်ပင်ဖြစ်ကြောင်း လမ်းညွှန်မှာကြားခဲ့သည်။

ရခိုင်ပြည်နယ်သည် ရေမြေသယံဇာတကြွယ်ဝပြီး စီးပွားရေးတိုးတက်ဖြစ်ထွန်းနိုင်သည့် အခြေခံကောင်းများဖြင့် ပြည့်စုံလျက်ရှိသည်။ နိုင်ငံတော်အပိုင်းက လိုအပ်သည့် အားပေးအထောက်အကူပြုမှုများနှင့် အခြေအနေကောင်းများကို ဖန်တီးတည်ဆောက်ပေးလျက်ရှိရာ ဒေသခံပြည်သူများအပိုင်းကလည်း အဆိုပါ လမ်းတံတား အခြေခံအဆောက်အအုံများနှင့် စီးပွားရေးအခြေခံ အဆောက်အအုံများကို ထိထိရောက်ရောက် အသုံးချပြီး မိမိတို့ပြည်နယ် ဖွံ့ဖြိုးရေး၊ စီးပွားရေးတောင့်တင်းခိုင်မာရေးတို့အတွက် အားကြိုးမာန်တက် အလုပ်လုပ်ကြရမည် ဖြစ်သည်။

ရခိုင်ပြည်နယ်သည် ယခင်က ရေကြောင်းလမ်းနှင့် လေကြောင်းလမ်းများကိုသာ အဓိကအားထား၍ အခြားပြည်နယ်၊ တိုင်းများနှင့် ဆက်သွယ်သွားလာခဲ့ရသည်။ ယခုအခါ နိုင်ငံတော်၏ အစီအမံဖြင့် ရန်ကုန်–အမ်း–စစ်တွေလမ်း၊ ရန်ကုန်–တောင်ကုတ်–ကျောက်ဖြူလမ်း၊ ရန်ကုန်–ငသိုင်းချောင်း–ဂွ–သံတွဲလမ်းတို့ကို ဖောက်လုပ်ပေးခဲ့ရာ ရခိုင်ပြည်နယ်မှ အခြားပြည်နယ်နှင့်တိုင်းများသို့ လွယ်ကူစွာ ကူးသန်းဆက်သွယ်သွားလာနိုင်ကြပြီဖြစ်သည်။

ရန်ကုန်–ကျောက်ဖြူ ပြည်ထောင်စုလမ်းမကြီးကို ခဲရာခဲဆစ်ကြိုးပမ်းဖောက်လုပ်ခဲ့ရသည့်နည်းတူ အဆိုပါလမ်းပိုင်းရှိ တံတားများစွာကိုလည်း ထည့်သွင်းတည်ဆောက်ခဲ့ရာ ယခုဖွင့်လှစ်လိုက်သည့် ပေ ၂၇၀၀ကျော် ရှည်လျားသော မင်းကြောင်းချောင်းတံတားသည် အပါအဝင်ဖြစ်သည်။

ရန်ကုန်–ကျောက်ဖြူ လမ်းမကြီးနှင့် တံတားများ တိုးမြှင့်ဖောက်လုပ်တည်ဆောက်ပေးမှုများကြောင့် ခေတ်အဆက်ဆက် ရေလမ်းကိုသာ အားကိုးခဲ့ကြရသည့် ကျောက်ဖြူမြို့၊ ရမ်းဗြဲမြို့နှင့် ရမ်းဗြဲကျွန်းပေါ်ရှိ ကျေးရွာပေါင်း ၄၈၀ မှ တိုင်းရင်းသားပြည်သူ သုံးသိန်းကျော်တို့အတွက် ကုန်းလမ်းခရီးဖြင့် လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်သည့်အပြင် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးတွင်လည်း များစွာအကျိုးပြုလျက်ရှိပြီဖြစ်သည်။

သို့ဖြစ်ရာ ရခိုင်ပြည်နယ်အပါအဝင် နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားညီအစ်ကို၊ မောင်နှမအားလုံးတို့က ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေး၊ မိမိနယ်မြေဒေသ ဖွံ့ဖြိုးရေးမှသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ် မွေးမြူပြီး ကျရာကဏ္ဍအလိုက် လုပ်ငန်းတာဝန်များကို တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မိုးရာသွန်းချိန်၌ ရန်ကုန်မြို့အတွင်း ရေလျှံမှု မဖြစ်စေရေး ရေနုတ်မြောင်းများရှင်းလင်း၍ မြစ်ထွက်ပေါက်များ စီမံချက်ဖြင့်ဆောင်ရွက်နေ

ရန်ကုန် ဧပြီ ၁၈

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော်အတွင်း ဆောင်ရွက်လျက်ရှိသည့်လမ်းများ အဆင့်မြှင့်ခင်းကျင်းခြင်းလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် နံနက် ၆နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် တာမွေမြို့နယ် တာမွေလမ်းဆုံအနီးသို့ ရောက်ရှိလာပြီး အနောက် မြင်းပြိုင်ကွင်းလမ်းအား ကွန်ကရစ်ကတ္တရာထပ်ပိုးလွှာခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် ကျောက်တံတားမြို့နယ် အနော်ရထာလမ်း**(အပေါ်ပိုင်း)**၊ ဒဂုံမြို့နယ် အလုံလမ်း၊ ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းတို့အား ကွန်ကရစ်ကတ္တရာ ထပ်ပိုးလွှာခင်းကျင်းနေမှုကိုလည်းကောင်း၊ ကြည့်မြင်တိုင်မြို့နယ်မှ လှိုင်မြစ်အတွင်း စီးဝင်သည့် မြစ်ထွက်ပေါက် အခြေအနေကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် မိုးရာသွန်းချိန်၌ ရန်ကုန်မြို့တော်အတွင်း ရေလျှံမှု မဖြစ်စေရေးအတွက် ရေနုတ်မြောင်းများ ရှင်းလင်း၍ ရေနုတ်မြောင်းများမှ တစ်ဆင့် ရန်ကုန်မြစ်၊ လှိုင်မြစ်၊ ပဲခူးမြစ်နှင့် ငမိုးရိပ်ချောင်းများအတွင်းသို့ စီးဝင်သည့် မြစ်ထွက်ပေါက်များကို စီမံချက်ဖြင့် မိုးမကျမီအပြီး ဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်အတွင်း စနစ်တကျ ထိန်းသိမ်းကြပ်မတ်ခဲ့ ယာဉ်မတော်တဆမှုနှင့် ယာဉ်တိုက်မှုအနည်းအကျဉ်းသာရှိ

ရန်ကုန် ဧပြီ ၁၈

၂၀၀၆ခုနှစ် ဧပြီ ၁၃ရက်မှ ၁၆ရက်အထိ ကျရောက်ခဲ့သည့် ၁၃၆၇ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် ယာဉ်မတော်တဆမှုနှင့် ယာဉ်တိုက်မှုကြောင့် သေဆုံးသူ ၁၁ဦးနှင့် ဒဏ်ရာရရှိသူ ၂၇ဦးရှိခဲ့သည်။

မြန်မာရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်တွင် ပြည်သူများက ရိုးရာယဉ်ကျေးမှုထုံးတမ်းစဉ်လာများနှင့်အညီ ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသကဲ့သို့ သက်ဆိုင်ရာ အာဏာပိုင်အသီးသီးကလည်း မဟာသင်္ကြန်ပွဲတော် မတိုင်မီကပင် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ဆင်နွှဲသူများလိုက်နာရန် စည်းကမ်းများ၊ သတိပေးနှိုးဆော်ချက်များ၊ ရှောင်ကြဉ်/ထိန်းသိမ်းရန်အချက်များ၊ တိုက်တွန်းနှိုးဆော်ချက်များကို စနစ်တကျထုတ်ပြန် သတိပေးခဲ့သည့်အပြင် ပွဲတော်ကာလအတွင်းတွင်လည်း စနစ်တကျစည်းရုံးထိန်းသိမ်းကြပ်မတ် ဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ သေဆုံး/ဒဏ်ရာရရှိမှု နည်းပါးရခြင်းဖြစ်သည်။ (သတင်းစဉ်)

အစည်းအဝေးတက်ရန် အင်ဒိုနီးရှားသို့ထွက်ခွာ

ရန်ကုန် ဧပြီ ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်သည် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ဧပြီ ၁၉ရက်မှ ၂၀ရက်အထိကျင်းပမည့် The 13th Meeting of AMEICC Working Group on Human Resource Development (HRD-WG) သို့တက်ရောက်ရန်အတွက် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်၊ ဗဟိုအလုပ်အမှုဆောင် ဦးထွန်းအောင်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့ ။

၂၀၀၆–ခုနှစ်၊ ဧပြီလ (၁၈)ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၅၃၅၅၄)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန်
ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်များကို
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

ရေလောင်းကြပါစို့

ချစ်နိုင် (စိတ်ပညာ)

မြန်မာတစ်နိုင်ငံလုံးတွင် မြို့ပေါင်း ၃၀၀ ကျော်သာရှိသော်လည်း ကျေးရွာပေါင်းမှာ ၆၀၀၀၀ ကျော်ရှိသည်။ ထို့ကြောင့် ပျမ်းမျှအနေနှင့် မြို့နယ်တစ်ခုတွင် ကျေးရွာနှစ်ရာပါဝင်ကြောင်း တွေ့ရသည်။ မြို့နယ်တစ်ခုတွင် ကျေးရွာပေါင်း ငါးဆယ်၊ တစ်ရာရှိသော မြို့လည်းရှိသည်။ မြို့နယ် တစ်ခုအတွင်း ကျေးရွာပေါင်း ခြောက်ရာ၊ ခုနစ်ရာ ရှိသော အချို့ မြို့လည်းရှိသည်။ လူဦးရေနှင့် အကျယ်အဝန်း မတူညီကြသကဲ့သို့ လူမှုစီးပွားရေးဘဝလည်း ကွဲပြားကြသည်။ စာပေနှင့် ဘာသာစကား မပေါက်သော ကျေးရွာအချို့လည်း ရှိနေသေးသည်။ မည်သို့ပင်ဖြစ်စေ **အေးချမ်း တည်ငြိမ်မှုကို တည်ဆောက်လာနိုင်သဖြင့် ပညာရေးစနစ်သည် များစွာကျယ်ပြန့်လာခဲ့သည်။ ယခုအခါ နိုင်ငံအဝန်းတွင် မူလတန်းကျောင်း အပါအဝင် အစိုးရစာသင်ကျောင်းပေါင်း ၄၀၀၀၀ ကျော် ရှိနေပြီ။ ပညာရေးဖွံ့ဖြိုးတိုးတက်လာမှုမှာ အားတက်စရာ ဖြစ်ပေသည်။ ကျောင်းနေအရွယ် ကလေးသူငယ်များ ကျောင်းပညာကို အလွယ်တကူ ဆည်းပူးနိုင်လာပြီ။**

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကျေးရွာပေါင်း ခြောက်သောင်းအနက် ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်နိုင်အောင် လှုံ့ဆော်စည်းရုံးခဲ့ကြရာ ၂၀၀၄ခုနှစ်နှင့် ၂၀၀၅ ခုနှစ် နှစ်နှစ်ကာလအတွင်း ကျေးရွာလေးသောင်းကျော်၌ ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်သူတို့၏ စိတ်အားထက်သန်မှု၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၏ အားပေးစောင့်ရှောက်မှု၊ စေတနာရှင်အလှူရှင်များ၏ ပါဝင်ကူညီဖြည့်ဆည်းမှုတို့ကြောင့် ကျေးရွာ စာကြည့်တိုက်များ ပေါ်ပေါက်အောင် စည်းရုံးဆောင်ရွက်နိုင်ခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ကျေးရွာအားလုံး စာကြည့်တိုက်ကိုယ်စီ ဖွင့်လှစ်နိုင်ရန် အထူးကြိုးပမ်း အားထုတ်လျက်ရှိသည်။ ဧပြီလ ၁၈ ရက်နေ့အထိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၅၃၅၅၄ တိုက် ထူထောင် ပေါ်ထွက်ခဲ့ပေပြီ။ အရေအတွက်သာမက ပြည်သူလူထုကိုယ်တိုင် စာဖတ်သော အလေ့အထ ဖွံ့ဖြိုးတိုးတက်စေရန် စာဖတ်ရှိန်မြှင့်တင်နိုင်မည့် စာအုပ်စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းများ များစွာ လိုအပ်နေသေးသည်။ ရပ်တန့်၍မရ။ နေးကွေး၍မဖြစ်။ အဆက်မပြတ် အားဖြည့်ပေးပြီး ရှင်သန် တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ ခရီးကား မပြီးဆုံးသေး။

မည်သည့်မြို့ရွာ၊ မည်သည့်ကျေးရွာအတွက်ဖြစ်စေ မိမိတို့ရောက်လေရာရာ ကျေးရွာ စာကြည့်တိုက်များသို့ ဂျာနယ်ဟောင်း၊ မဂ္ဂဇင်းဟောင်းများကို ပေးလှူခြင်းအားဖြင့် ထောက်ပံ့ ကူညီနိုင်ပါသည်။ စာအုပ်၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းဆိုသည်မှာ မိမိဖတ်ရှုပြီးလျှင် အဟောင်း ဖြစ်သွားပါပြီ။ ထိုစာနယ်ဇင်း ဖတ်ပြီးသား အဟောင်းကို သူတစ်ပါးဖတ်စေရန် လှူဒါန်းပေးဝေ သော ဓလေ့သည် ဂျပန်ပြည်ကဲ့သို့ ဖွံ့ဖြိုးသော နိုင်ငံမျိုးတွင် တွေ့ရတတ်သည်ဟု ကြားဖူးပါသည်။ ဘူတာရုံ၊ စကြ်ာထိုင်ခုံများပေါ်တွင် ဂျာနယ်ဟောင်း၊ မဂ္ဂဇင်းဟောင်းများကို သူတစ်ပါး ဖတ်ရှုနိုင်စေရန် ချထားခဲ့တတ်သည်ဟု ဖတ်ရဖူးပါသည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်သော နိုင်ငံများသည် နိုင်ငံသားများ၏ အသိပညာ၊ အတတ်ပညာ၊ အလုပ်တွင်ကျယ်မှု၊ စွမ်းဆောင်ရည် မြင့်မားမှုများကို အခြေခံကြောင်း လေ့လာတွေ့ရှိပါသည်။ လူသားစွမ်းရည် အရင်းအမြစ်သည် အဓိကကျလေသည်။ နိုင်ငံသူ၊ နိုင်ငံသားများ ပညာဗဟုသုတ တိုးပွားရေးမှာ ရေတို တစ်ပွဲတိုး လုပ်ဆောင်ရမည့်ကိစ္စမျိုး မဟုတ်ပေ။ စိတ်ရှည်လက်ရှည်၊ ဇွဲကောင်းကောင်းဖြင့် ရေရှည်အကောင်အထည်ဖော်သွားကြရမည့် လုပ်ငန်းစဉ်မျိုး ဖြစ်လေသည်။

ယနေ့ဖွံ့ဖြိုးတိုးတက်နေကြသော တိုင်းပြည်များသည် လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော် နှစ်ရာခန့်က စိုက်ပျိုးခဲ့သော အသီးအပင်များကို စားသုံးနေကြခြင်းဖြစ်ကြောင်း တွေ့မြင်ရပါသည်။ ယနေ့ခေတ်ကာလတွင် ကျွန်တော်တို့အတွက် ကံကောင်းသည်မှာ ကမ္ဘာလုံးဆိုင်ရာ ဆက်စပ်ယှက်နွယ်ပြောင်းလဲမှု အခြေအနေကြောင့် အချိန်တိုတိုအတွင်း ထိရောက်အောင်မြင်မှု ပိုမိုကြီးမားစွာ ရရှိနိုင်သော အလားအလာဖြစ်ပါသည်။

အမေရိကန်တော်လှန်ရေးစစ်ပွဲများ ကာလတွင် နာမည်ထင်ရှားသူ မေဂျာအန်ဒီဆင်က အများပြည်သူလူထု ဖတ်ရှုနိုင်မည့် စာကြည့်တိုက်တစ်ခုကို ထူထောင်ဖွင့်လှစ်ခဲ့ပေသည်။ ထိုအရပ်ဒေသရှိ ပညာဗဟုသုတဆည်းပူးလိုသူများအတွက် သူ၏ လူထုစာကြည့်တိုက်သည် များစွာအထောက်အပံ့ဖြစ်စေခဲ့ပေသည်။ “မေဂျာ အန်ဒီဆင်၏ စာကြည့်တိုက်”သို့ လူငယ်အချို့ နေ့စဉ်လာရောက်စာဖတ်ကြသည်။ ထိုကဲ့သို့ စာဖတ်သူလူငယ်များအနက် တစ်ဦးသည် စနေနေ့ နံနက်တိုင်း စာကြည့်တိုက်သို့ ရောက်ရှိလာတတ်ပြီး တစ်နေကုန် တကုပ်ကုပ်နှင့် စာအုပ်တွေကိုတစ်အုပ်ပြီးတစ်အုပ် ဖတ်လိုက်၊ ကူးမှတ်လိုက် လုပ်နေတတ်သည်။ ထိုလူငယ်လေးသည် စကော့လူမျိုးဖြစ်သည်။ စာအုပ်စာပေများစွာကို ဤစာကြည့်တိုက်မှ ဖတ်ရှုခွင့်ရခြင်းအတွက်လည်း ထိုလူငယ်လေးက ကျေးဇူးတင်ပေသည်။ ထိုသို့ စာကြည့်တိုက်မှာ စာဖတ်ခြင်းဖြင့် ပညာဗဟုသုတတို့ကို အများအပြား ဆည်းပူးခွင့်ရသွားပုံ ရှိလေသည်။ အဘယ်ကြောင့်ဆိုသော် နောင်နှစ်ပေါင်းနှစ်ဆယ်ခန့်ကြာသောအခါ အမေရိကန်နိုင်ငံတွင် အချမ်းသာဆုံးနှင့် ထုတ်လုပ်မှုစွမ်းအားအရှိဆုံး လုပ်ငန်းရှင်သူဌေးကြီး အင်ဒရူးကာနယ်ဂျီ ဟူ၍ ပေါ်ပေါက်လာခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

စာပေသည် လူငယ်များစွာကို နိုးကြားအောင် လှုံ့ဆော်ပါသည်။ စာပေသည် လူငယ်များကို အသိအမြင်ကျယ်ပြန့်အောင် အလင်းတံခါး ဖွင့်ပေးပါသည်။ စာအုပ်စာပေ၏ ကျေးဇူးကြောင့် နိုင်ငံတစ်ခုလုံးတွင် ပညာတတ်များဦးရေ ပိုမိုတိုးတက်စေပါသည်။ အဆင့်ဆင့် ပြောင်းလဲမှုဖြစ်စေ၊ တစ်ဟုန်ထိုးပြောင်းလဲမှုပင် ဖြစ်စေ အဓိကကျသော ဆွဲအား၊ ဦးဆောင်မှုစွမ်းအားမှာ ခေတ်အဆက်ဆက် ပညာတတ်၊ ပညာရှင်များသာ လျှင် ဖြစ်ပါသည်။

သူသည် ကိုယ်တိုင်သန်းကြွယ်သူဌေးဖြစ်လာခဲ့သောအခါ ပညာဗဟုသုတ မြင့်မားရေးကို မြှင့်တင်ပျိုးထောင်ပေးမှ ငွေကြေးနှင့် လူမှုစီးပွားဘဝတွေပါ အစစအရာရာ ဖွံ့ဖြိုးသာယာမည်ကို သိမြင်လာခဲ့သည်။ “ကာနယ်ဂျီပြည်သူ့စာကြည့်တိုက်များ”ကို အမေရိကန်ပြည်ထောင်စုတစ်ဝန်း၌ တည်ထောင်လှူဒါန်းလေသည်။ ထုတ်ဖော်ပြောဆိုခြင်း မပြုကြသော်လည်း စာဖတ်သူ လူထောင်သောင်းများစွာတို့သည် ထိုလူထုစာကြည့်တိုက် များ၏ ကျေးဇူးကြောင့် သူတို့ လူတစ်လုံးသူတလုံးဖြစ်ကာ ဘဝအခြေ မြင့်မားလာကြကြောင်း နားလည်ထားကြလေသည်။

ငယ်စဉ်အခါက စာကြည့်တိုက်သို့ လာလာပြီး စာအုပ်တွေကို အဖော်လုပ်ခဲ့သော ထိုစကော့လူငယ်လေးသည် ကြွယ်ဝချမ်းသာသည့် သူဌေးကြီးဖြစ်လာသောအခါ ထူးခြားသော စွမ်းဆောင်မှုတစ်ခုကိုလည်း စံချိန်တင်ကာ ပြုလုပ်ခဲ့ပါသေးသည်။ ယင်းကား အခြားမဟုတ်၊ သန်းကြွယ်သူဌေးများ အလွန်တရာ ရှားပါးနေသည့် ထိုခေတ်ကာလထဲတွင် သန်းကြွယ်သူဌေး ၄၃ ယောက်ကို သူက ပြုစုမွေးထုတ်ပေးလိုက်နိုင်ခြင်း ဖြစ်ပါသည်။

လူထုစာကြည့်တိုက်များ အရေးပါခဲ့ပုံကို အမေရိကန်ပြည်ထောင်စုထိအောင် ဝေးဝေးမျှော်ငေးပြီး ကြည့်စရာမလိုပါပေ။ အသက်အရွယ် ၇၀-၈၀ ရှိနေကြသော စာရေးဆရာ၊ ကဗျာဆရာ၊ နိုင်ငံကျော်စာပေပညာရှင်များကို မေးမြန်းကြည့်လျှင် ပြန်ကြားရေးစာကြည့်တိုက်များ၏ ကျေးဇူးကြီးမားပုံကို ပြောပြကြပေမည်။ ထူးထူးချွန်ချွန် အောင်မြင်ထင်ရှားသော ဆရာတော် သံဃာတော်များ၊ သမားတော် ပါရဂူဆရာဝန်များ၊ လုပ်ငန်းရှင်များ၊ အင်ဂျင်နီယာများ၊ တပ်မတော်ခေါင်းဆောင်များ စသည်တို့က မလွဲမသွေ ဝန်ခံကြမည့် အချက်သည်ကား သူတို့ ယခုကဲ့သို့ ထွန်းပေါက်ခဲ့ခြင်းသည် “စာအုပ်စာပေ”ဟူသော ဘဝ၏ “ဒုတိယမိခင်” ထံမှ နို့ချိုရည် သောက်စို့ခဲ့ရသောကြောင့် ဖြစ်ပါသည်ဟူသော စကားပေတည်း။

ဓားပြရှစ်ကြိမ်တိုက်ခဲ့ဖူးပြီး ထောင်သုံးကြိမ်ကျခဲ့ဖူးသူ မောင်အုံးဖေ အမည်ရှိ ထောင်သားလူဆိုးလူပေ ကလေးသည် ထောင်မှူး ဦးမောင်လေး၏ ကျေးဇူးဖြင့် ထောင်တွင်းစာကြည့်တိုက်တွင် စာကြမ်းပိုးလုပ်ခဲ့ရာ စာပေ၏ ဆုံးမသင်ပြမှုဖြင့် လူကောင်းဘဝသို့ ပြောင်းသွားကာ လူမှုရေးအလှူရှင် ပခုက္ကူဦးအုံးဖေ ဟူသော စာရေးဆရာ ဖြစ်လာခဲ့ပါသည်။

ပခုက္ကူမြို့တွင် “ဦးအုံးဖေစာကြည့်တိုက်”၊ ထနောင်းကုန်းရွာတွင် “အသိပညာစာကြည့်တိုက်”နှင့် ရှားတောရွာ၌ “ဗဟုသုတစာကြည့်တိုက်” တို့ကို သိန်းပေါင်းများစွာ မတည်လှူဒါန်းကာ ထူထောင်ပေးလေသည်။ စာကြည့်တိုက်သည် လူအများကို အလင်းရောင်ဖြန့်ဝေနိုင်ကြောင်း လူဆိုးမှ လူကောင်းဖြစ်လာခဲ့သူက ကိုယ်တွေ့ယုံကြည်သည်။

စာပေသည် လူငယ်များစွာကို နိုးကြားအောင် လှုံ့ဆော်ပါသည်။ စာပေသည် လူငယ်များကို အသိအမြင်ကျယ်ပြန့်အောင် အလင်းတံခါး ဖွင့်ပေးပါသည်။ စာအုပ်စာပေ၏ ကျေးဇူးကြောင့် နိုင်ငံတစ်ခုလုံးတွင် ပညာတတ်များဦးရေ ပိုမိုတိုးတက်စေပါသည်။ အဆင့်ဆင့် ပြောင်းလဲမှု ဖြစ်စေ၊ တစ်ဟုန်ထိုးပြောင်းလဲမှုပင် ဖြစ်စေ အဓိကကျသော ဆွဲအား၊ ဦးဆောင်မှုစွမ်းအားမှာ ခေတ်အဆက်ဆက် ပညာတတ်၊ ပညာရှင်များသာ လျှင် ဖြစ်ပါသည်။

စက်မှုတော်လှန်ရေး၊ ပစ္စည်းမဲ့တော်လှန်ရေး၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး လှုပ်ရှားမှု၊ အမျိုးသား လွတ်မြောက်ရေးလှုပ်ရှားမှု၊ နိုင်ငံတကာ သမိုင်းဖြစ်ပေါ်မှု အားလုံးတို့တွင် ပညာတတ်များ၊ ပညာရှင်များသည် အရေးပါကြောင်း တွေ့မြင်ကြရပါလိမ့်မည်။ ပညာမဲ့များ၊ ဗဟုသုတ နည်းပါးသူများက ရှေ့ဆောင်ဦးရွက်ပြုခဲ့သမျှ ဘယ်သောအခါမျှ မအောင်မြင်ဘဲ ရှုံးနိမ့်ပျက်ပြားခဲ့ကြောင်း လေ့လာသိမြင်ကြပါသည်။ ပညာသည် စွမ်းအားကြီးမားပြီး ပညာမဲ့ခြင်းသည် အလွန်တရာ ရောဂါထူပြောရုံမျှသာမက ဆင်းရဲပင်ပန်းကာ ခက်ခဲ ကြမ်းတမ်းလှကြောင်း သမိုင်းစာမျက်နှာများက သင်ကြားပြသပါသည်။

အကယ်၍သာ ပြည်သူလူထု အသိအမြင်ဗဟုသုတ ခေါင်းပါးနိမ့်ကျနေပါက သတင်းနှင့် ဆက်သွယ်မှု နည်းပညာ အဆင့်မြင့်စွာ အင်အားကြီးမားလှသော ခေတ်သစ်မီဒီယာ လွှမ်းမိုးသူများ၏ လှည့်စားဖြားယောင်းကာ နင်းချေအသုံးချခြင်းကို ခံရဖွယ်ရှိနေပါသည်။ အန္တရာယ် အလွန်ကြီးမားလှပေသည်။ လူငယ် လူရွယ်များ အပါအဝင် ကျေးရွာပေါင်း ငါးသောင်းကျော်ရှိ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး၊ ရေရှည်တည်တံ့အောင်မြင်ရေးသည် ကျွန်တော်တို့ ပြည်သူ၊ ပြည်သားအားလုံးကို စိန်ခေါ်လျက်ရှိနေပါသည်။ မျှဝေလေလေ တိုးပွားလေလေ ဖြစ်တတ်သော သဘောသဘာဝကို နားလည်ကြစေလိုပါသည်။ ကိုယ့်အား ကိုယ်ကိုး ကျေးရွာလူထုစာကြည့်တိုက်များ အရေးပါပုံ၊ အရေးကြီးပုံကို သိမြင်ပြီး အားပေးကူညီ လှူဒါန်း ထောက်ပံ့ကြစေလိုပါသည်။ ရေရှည်အမျိုးသား အကျိုးစီးပွားအတွက် ရေသောက်မြစ်ကို ရေလောင်းကြပါစို့။ အမျိုးသားရေး လှုပ်ရှားမှုတစ်ရပ်အဖြစ် ဝိုင်းဝန်းပါဝင် လှုပ်ရှားအားပေးကြပါစို့။ ။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၉-၄-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- **၇:၁၀** ၄။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၆။ မြန်မာသံစဉ်ချိုနှားဝင်
- **၇:၄၀** ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- **၄:၁၅** ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၂၀** ၅။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၃၀** ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- **၄:၄၀** ၇။ မျိုးချစ်တပ်မတော်
- **၄:၅၀** ၈။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- **၅:၀၀** ၉။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၅:၂၀** ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- **၅:၄၅** ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၃။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၄။ မိုးလေဝသသတင်း
- **၆:၂၅** ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၄၀** ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မြက်ခင်းစိမ်းနဲ့အိမ်ကလေး (အပိုင်း-၁၇)**
- **၈:၀၀** ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ °English Usage
- ၂၁။ ဗွီစီဒီကျော်ကြားတေးများ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း တရားစီရင်ထုံး (အပိုင်း-၂၅)**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

မန္တလေးမြို့ နှစ်ဆန်းတစ်ရက် မင်္ဂလာအခါတော်နေ့ ဒါနကုသိုလ်ကောင်းမှုပြုကြသူများ အထူးများပြား

ရန်ကုန် ဧပြီ ၁၈

ယမန်နေ့သည် ၁၃၆၈ခုနှစ် နှစ်ဆန်းတစ်ရက် နှစ်သစ်မင်္ဂလာ အခါတော်နေ့ ဖြစ်သည်။ နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ ကူးပြောင်းသောနေ့လည်း ဖြစ်သည်။

မြန်မာ နှစ်ဆန်းတစ်ရက် နှစ်သစ်မင်္ဂလာအခါတော်နေ့တွင် မန္တလေးမြို့ပေါ်၌ နံနက်အရုဏ်တက်ချိန်မှစ၍ မန္တလေးမြို့ပေါ်ရှိ တန်ခိုးကြီးဘုရား၊ ပုထိုး စေတီတော်များ၌လည်းကောင်း၊ မြို့နယ်၊ ရပ်ကွက်များရှိ ဓမ္မာရုံများ၌လည်းကောင်း ဒါနကုသိုလ်ကောင်းမှုပြုကြသူများ၊ သက်ကြီးပူဇော်ပွဲများ ပြုလုပ်ကြပြီး ညနေပိုင်းတွင် ရပ်ကွက်အသီးသီး၌ အန္တရာယ်ကင်းပရိတ်ရွတ်ပွဲများ ကျင်းပကြသည်။

မြန်မာ သက္ကရာဇ် ၁၃၆၈ ခုနှစ် နှစ်ဆန်းတစ်ရက်နေ့ နံနက် ၄နာရီခွဲတွင် မန္တလေးမြို့ မဟာမုနိ ရုပ်ရှင်တော်မြတ်အား ရေတော် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဝံသ အမှူးပြု၍ မျက်နှာသစ်တော်ဝတ်အဖွဲ့က မျက်နှာသစ်တော်မှုပြီး ရွှေသင်္ကန်းကပ်လှူကာ ဆွမ်း၊ ရေချမ်း ကပ်လှူပူဇော်ကြသည်။ ဗုဒ္ဓဘာသာဝင် သူတော်စင် ရဟန်းရှင်လူပြည်သူများကလည်း မဟာမုနိ ရုပ်ရှင်တော်မြတ်အား ရွှေသင်္ကန်းကပ်လှူခြင်း၊ ဆွမ်း၊ ရေချမ်း၊ ပန်းကပ်လှူခြင်း၊ ဖယောင်း၊ ဆီမီး ပူဇော်ခြင်း၊ ခုနစ်နေ့နံဘုရားများတွင် ရေသပ္ပာယ်ခြင်း၊ ငါးကန်တွင် ဇီဝိတဒါန ငါးလွှတ်ခြင်း၊ ငှက်လွှတ်ခြင်း၊ အစာကျွေးခြင်း စသည့် ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြသည်။

နှစ်ဦးအခါသမယ နေ့ထူးနေ့မြတ်ဖြစ်သည့် မြန်မာနှစ်ဆန်း တစ်ရက် နံနက် ၈နာရီတွင် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ မန္တလေးခရိုင် ခုနစ်မြို့နယ် အသင်းဝင်များ၏ ၁၃၆၈ ခုနှစ် ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲကို မန္တလေး အောင်မြေသာစံမြို့နယ် ကျုံးမြောက်ဘက်ထိပ် လေးသိန်းတံခါးထိပ်၌ ကျင်းပရာ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီး ဒေါ်ခင်ပြုံးဝင်း၊ မန္တလေး မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဇနီး၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ကြည်သိန်းနှင့် အဖွဲ့ဝင်များ၊မန္တလေးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦး၊ တွဲဖက် အတွင်းရေးမှူး ဦးစိန်မြင့်နှင့် အလုပ်အမှုဆောင်များ၊ မန္တလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်နှင့် အဖွဲ့ဝင်များ၊ မန္တလေးခရိုင်နှင့် မြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ တက်ရောက်၍ တိုင်းမှူးနှင့် ဇနီးတို့က ဦးဆောင်ကာ ငါးများကို ကျုံးအတွင်းသို့ ဘေးမဲ့လွှတ်ပေးကြသည်။

ဆက်လက်၍ နံနက် ၈နာရီခွဲတွင် မန္တလေးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ (၁၃)ကြိမ်မြောက် သက်ကြီး ပူဇော်ပွဲ အခမ်းအနားကို မန္တလေးတိုင်း အသင်းရုံးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း နာယက၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီး ဒေါ်ခင်ပြုံးဝင်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့်ဇနီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မန္တလေးတိုင်း၊ ခရိုင်နှင့် မြို့နယ် အသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ကန်တော့ခံသက်ကြီး အဘိုးအဘွားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထို့နောက် နံနက် ၉ နာရီခွဲတွင် မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဇနီး ဒေါ်မိုးသီတာ၊ အတွင်းရေးမှူးဦးမောင်ပုနှင့်ကော်မတီဝင်များ၊ ဌာနမှူးများနှင့် ၎င်းတို့၏ ဇနီးများနှင့် စည်ပင်ရုံး ဝန်ထမ်းမိသားစုများသည် မြို့တော်ခန်းမ (၁)၌ ဆရာတော်ကြီးများပင့်ဖိတ်၍ အန္တရာယ်ကင်းပရိတ်ရွတ်ပွဲကျင်းပပြီး မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီရုံးရှေ့ ၂၆ လမ်း ကျုံးဘေးတွင် ဇီဝိတဒါနငါးလွှတ်ပွဲကျင်းပရာ ကျုံးအတွင်းသို့ ငါးမြစ်ချင်း အကောင် ၃၀၀၀၀ကို ဘေးမဲ့လွှတ်၍ ကုသိုလ်ပြုကြသည်။

ညနေ ၃နာရီတွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ဦးဆောင်၍ မန္တလေးခရိုင် အတွင်းရှိ အဘိုးအဘွားတို့အား သက်ကြီးပူဇော်ပွဲကို အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တပ်နယ်ခန်းမ၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်ပြီး အဘိုးအဘွားများအား ကန်တော့ပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မိသားစု၏ ဇီဝိတဒါန စုပေါင်း ငါးလွှတ်ပွဲကို ညနေ ၄နာရီတွင် ကျုံးတောင်ဘက် မင်္ဂလာတံတားဘေး၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီး၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ (အထက်မြန်မာပြည်) တရားရုံးချုပ် ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်နှင့် ဇနီး၊ ဒုတိယရှေ့နေချုပ် ဦးဟန်ရှိန်၊ တိုင်းအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ကြည်သိန်းနှင့် အဖွဲ့ဝင်များ၊ တိုင်း စစ်ဌာနချုပ်မှ ဦးစီးအရာရှိများနှင့် ၎င်းတို့၏ ဇနီးများ၊ မန္တလေးမြို့ရှိ တပ်ရင်း တပ်ဖွဲ့မှူးများနှင့် ၎င်းတို့၏ ဇနီးများ၊ အရာရှိ၊ စစ်သည်မိသားစုများ အိုးစည်၊ ဒိုးပတ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။ (သတင်းစဉ်)

မြန်မာသက္ကရာဇ် ၁၃၆၈ ခုနှစ် နှစ်ဆန်း တစ်ရက်နေ့တွင် မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်အား ပြည်သူများက ရွှေသင်္ကန်းကပ်လှူကြစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော (၁၃)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ တွင် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီး ဒေါ်ခင်ပြုံးဝင်းတို့က သက်ကြီး အဘိုးအဘွားများအား ကန်တော့ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ကုန်သည်လမ်းနေ ဇနီး ဒေါ်သန်းအိ၊ သမီး ဒေါ်ကြူကြူအောင်၊ သား ဒေါက်တာရဲမြင့်အောင်–ဒေါက်တာနွယ်နွယ်ဦး၊ သမီး ဒေါက်တာ မေလွင်အောင်၊ မစန္ဒာအောင်တို့က ကွယ်လွန်သူ ဦးတင်ထွန်းအောင်အား ရည်စူး၍ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး ငွေပဒေသာပင်အတွက် ကျပ် ၁၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီးဘဉာဏ် (ငြိမ်း) လက်ခံယူစဉ်။ (က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၄-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ယနေ့အစီအစဉ်
၇း၀၅	ချမ်းသာပလာဇာ
၇း၂၅	တေးဂီတအစီအစဉ်
၇း၃၀	Myanmar Video Rhythm
၈း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၂၅	တေးဂီတအစီအစဉ်
၈း၃၀	မြစိမ်းရောင်ဘက်စုံ စိုက်ပျိုးမွေးမြူရေးစခန်း (ပျားလိမ္မော်စိုက်ခင်း)
၈း၃၅	မေးကြည့်၊ဖြေကြည့်ပဟေဠိ
၉း၀၀	မိုးလေဝသခန့်မှန်းချက်
၉း၀၅	ဘိုင်းဒါးတံတား
၉း၁၅	တေးဂီတအစီအစဉ်
၉း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀	နိုင်ငံတကာ အနုပညာရေးရာ(၂)
၉း၅၀	တေးဂီတအစီအစဉ်
၁၀း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀	Art & Technology Talk
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀	ရှုချင်စရာမျက်လှည့်ပဒေသာ
၁၁း၁၅	မင်းမသိသေးပါဘူးကွာ (ကြူကြူသင်း၊ ငှက်ပျောကြော်)
၁၁း၂၀	သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းညီလာခံ
၁၁း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀	မြန်မာစာ၊မြန်မာစကား–၃
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ(၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

English Premier League
ဘောလုံးပွဲစဉ်

ညပိုင်း အစီအစဉ်
၁း၁၀ Blackburn-Birmingham
လိုင်း: 5-Cartoons (Live)

Champion League
ဘောလုံးပွဲစဉ်

ညပိုင်း အစီအစဉ်
၁း၀၀ Arsenal-Villarreal
လိုင်း: 5-Sports (Live)

ဧပြီလ တတိယ (၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်ကြေညာ

ရန်ကုန် ဧပြီ ၁၈

ဧပြီလ တတိယ (၁၀)ရက်ပတ်တွင် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်း၌ လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး ကျန် ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့၌ လေးရက်မှ ခြောက်ရက်ခန့်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့၌ သုံးရက်ခန့် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မွန်ပြည်နယ် စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေ့အပူချိန်မှာ ဖြစ်မြဲထက်ပိုပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ ဖြစ်မြဲခန့်သာရှိမည်။

မြစ်ရေအခြေအနေမှာ ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့၌ ၁၂၀ စင်တီမီတာ (လေးပေခန့်)၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့၌ ၆၀စင်တီမီတာ (နှစ်ပေခန့်) လက်ရှိ ရေမှတ်များအထက် မြင့်တက်လာနိုင်သည်။ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့၌ ၆၀ စင်တီမီတာ (နှစ်ပေခန့်)နှင့် မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့၌ ၃၀ စင်တီမီတာ (တစ်ပေခန့်) လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ကြောင်း သက်ဆိုင်ရာမှသတင်းရရှိသည်။ (သတင်းစဉ်)

ရှောင်လေ ဝေးဝေး မူးယစ်ဆေး

ရုရှား အာကာသယာဉ်စင်းရေ ၂၀၀၉ ခုနှစ်၌ နှစ်ဆတိုး ထုတ်လုပ်မည်

မော်စကို ဧပြီ ၁၇

အပြည်ပြည်ဆိုင်ရာ အာကာသစခန်းယာဉ် (အိုင်အက်စ်အက်စ်)တွင် တာဝန်ပေးမည့် အာကာသယာဉ်မှူးဦးရေကို နှစ်ဆတိုးမြှင့်ချထားရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်၍ ယင်းဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်နိုင်ရေးအတွက် အာကာသယာဉ်စင်းရေကို ၂၀၀၉ ခုနှစ်တွင် နှစ်ဆတိုး၍ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ရုရှားအာကာသကုမ္ပဏီမှ ထွက်ပေါ်လာသော သတင်းများက ဖော်ပြသည်။

မော်စကိုမြို့အနီး ကိုရိုလော့ဗ်အရပ်တွင် အာကာသယာဉ်ထုတ်လုပ်ရေးစက်ရုံတည်ရှိသည်။ ထိုစက်ရုံမှ ဆိုယုဇ်နှင့် ပရိုဂရက်စ် အမျိုးအစားအာကာသယာဉ်များကို ၂၀၀၉ ခုနှစ်အရောက်တွင် နှစ်ဆတိုး၍ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း အလက်ဇန္ဒား စလီဗာလော့ဗ်၏ ပြောကြားချက်ကို ကိုးကား၍ အင်တာဖက်သတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်။ ၎င်းသည် ရုရှားအနာရဂ်ီးယား အာကာသယာဉ် တည်ဆောက်ရေးကော်ပိုရေးရှင်း၏ ဒုတိယဥက္ကဋ္ဌနှင့် စက်ရုံညွှန်ကြားရေးမှူး တာဝန်ကို ယူထားသူဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ အာကာသစခန်းယာဉ်စီမံကိန်းတွင် ပါဝင်သောမိတ်ဖက်အဖွဲ့ဝင်များက ၂၀၀၉ ခုနှစ်၌ အာကာသစခန်း၌ ချထားမည့် အာကာသယာဉ်မှူးဦးရေကို နှစ်ဦးမှ ခြောက်ဦးအထိ တိုးမြှင့်ချထားရန် ဆုံးဖြတ်ခဲ့သည်။ ထိုဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်မည်ဆိုလျှင် အာကာသပို့ဆောင်ရေးယာဉ်ပိုမိုလိုအပ်မည်ဖြစ်သည်။ အမေရိကန်တို့၏ အာကာသလွန်းပြန်ယာဉ် လွှတ်တင်ရေးတွင် အကန့်အသတ်များ ရှိနေသည်ဖြစ်ရာ ရုရှားတို့အနေဖြင့် အာကာသပို့ဆောင်ရေးယာဉ်များ ပိုမိုထုတ်လုပ်ရမည်ဖြစ်သည်ဟု စလီဗာလော့ဗ်က ပြောကြားသည်။

ထုတ်လုပ်မည်

လက်ရှိအခြေအနေတွင် ရုရှားစက်ရုံမှ နှစ်စဉ် ဆိုယုဇ်အာကာသယာဉ်နှစ်စင်းနှင့် ကုန်စည်ပို့ဆောင်ရေးယာဉ် ပရိုဂရက်စ်လေးစင်းကို ထုတ်လုပ်ပေးလျက်ရှိသည်။ ၂၀၀၉ ခုနှစ်အရောက်တွင် ရုရှားစက်ရုံမှ ဆိုယုဇ်လေးစင်းနှင့် ပရိုဂရက်စ်ယာဉ် ရှစ်စင်းထုတ်လုပ်သွားမည်ဖြစ်သည်။ ဆိုယုဇ်ယာဉ်မှာ အာကာသယာဉ်မှူးများကို သယ်ပို့သောယာဉ်ဖြစ်ပြီး ပရိုဂရက်စ်ယာဉ်မှာ ကုန်ပစ္စည်းသယ်ပို့သောယာဉ်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။



ရုရှားနိုင်ငံက တည်ဆောက်သော ဆိုယုဇ် အာကာသယာဉ်တစ်စင်းကို ဧပြီ ၁၇ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကိုလံဘီယာနိုင်ငံတွင် မြေပြိုမှုဖြစ်ပွား၊ လူ ၂၀ သေဆုံး

ဘိုဂိုတာ ဧပြီ ၁၇

ကိုလံဘီယာနိုင်ငံ အနောက်တောင်ပိုင်း ဗာလီဒယ်ကော်ကာဒေသတွင် နောက်ထပ်မြေပြိုမှု အကြီးအကျယ်ဖြစ်ပွားသဖြင့် သေဆုံးခဲ့သည့် အလောင်းခုနစ်လောင်းကို ကိုလံဘီယာအစိုးရ ကယ်ဆယ်ရေးအဖွဲ့များက ထပ်မံတွေ့ရှိခဲ့ရာ သေဆုံးသူဦးရေ ၂၀ အထိ ရှိသွားပြီဖြစ်သည်။

ယင်းကဲ့သို့ မြေပြိုမှုဖြစ်ပွားခဲ့သဖြင့် လူ ၃၆ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး လူ ၄၀ မှာ ယခုထက်တိုင် ပျောက်ဆုံးနေဆဲဖြစ်ကြောင်း၊ အများစုသည် မြေကြီးများအောက်တွင် ပိကျနေခဲ့ခြင်းဖြစ်ကြောင်း အစိုးရကယ်ဆယ်ရေးအဖွဲ့ဝင်များက အတည်ပြုပြောကြားသည်။ ပျောက်ဆုံးနေသူများ၏ ဦးရေသည် မြင့်မားနေပြီး ၎င်းတို့ကို အသက်ရှင်လျက် ပြန်တွေ့မည်ဟု မျှော်လင့်ထားဆဲဖြစ်ကြောင်း ဘေးအန္တရာယ်ကာကွယ်ရေးနှင့် စီမံခန့်ခွဲရေး အကြီးအကဲဖြစ်သူ အက်ဒူရာနို ဂွန်ဇာလက်ဇ်က ပြောကြားသည်။ ကိုလံဘီယာသမ္မတ အယ်လ်ဗာဒိုအူရီဘေးသည် အခင်း ဖြစ်ပွားရာသို့ ရောက်ရှိ လာခဲ့ပြီး ဒေသအာဏာပိုင်များ၊ စစ်ဘက်နှင့် အခြားဌာနမှ ကယ်ဆယ်ရေး ဝန်ထမ်းများအနေဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ မြန်နိုင်သမျှ မြန်ဆန် စွာပြုလုပ်ရန် ညွှန်ကြားခဲ့သည်။***အမ်အင်အေ၊ဆင်ဟွာ။***



ဂျပန်နိုင်ငံ ကျိုတိုဒေသရှိ ချီဘာ ရေနံချက်စက်ရုံ မီးလောင်နေသည်ကို ဧပြီ ၁၅ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်၌ ကန်တပ်ဖွဲ့ဝင် သေဆုံးမှု ဧပြီလတွင် မြင့်တက်လာ

ဝါရှင်တန် ဧပြီ ၁၇

အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးမှုသည် ဧပြီလတွင် သိသိသာသာ မြင့်တက်လာကြောင်း၊ ယင်းနိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးရမှုသည် ငါးလဆက်တိုက်ကျဆင်းနေခဲ့ရာမှ ဧပြီလတွင် သေဆုံးသူဦးရေ ရုတ်ခြည်း ပိုမိုများပြားလာခြင်းဖြစ်ကြောင်း အင်တာနက်သတင်းတွင်ဖော်ပြသည်။

အီရတ်နိုင်ငံတွင် မတ်လက အမေရိကန်တပ်ဖွဲ့ဝင် ၃၁ ဦး သေဆုံးခဲ့သည်။ ယင်းမှာ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလတွင် အမေရိကန်တပ်ဖွဲ့ဝင် ၂၀ သေဆုံးခဲ့ရပြီးနောက်ပိုင်းတွင် အနိမ့်ဆုံးဦးရေဖြစ်သည်။ အီရတ်နိုင်ငံကို အမေရိကန်ဦးဆောင်သောတပ်ဖွဲ့က သုံးနှစ်ကြာ သိမ်းပိုက်လာခဲ့သည့် ကာလအတွင်း ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလသည် လအလိုက် နှိုင်းယှဉ်ချက်အရ အမေရိကန်တပ်ဖွဲ့ဝင် သေဆုံးမှု အနည်းဆုံးလဖြစ်သည်။

ဧပြီလအတွင်း ယခုအချိန်အထိ အမေရိကန်တပ်ဖွဲ့ဝင် သေဆုံးသူ ၄၈ ဦးရှိသည်။

အင်တာနက်။

ကနေဒါနိုင်ငံအလယ်ပိုင်းဒေသတွင်ရေကြီးနိုင် လူ ၈၀၀ ခန့်ကိုဘေးကင်းရာသို့ပြောင်းရွှေ့ပေးမည်

အော့တဝါ ဧပြီ ၁၇

ကနေဒါနိုင်ငံမှ မြစ်တစ်စင်းသည် နိုင်ငံ၏အလယ်ပိုင်းဒေသတွင် ရေကြီးမှုဖြစ်ပွားနိုင်သည့် အန္တရာယ်ရှိနေသဖြင့် ယင်းဒေသမှ တိုင်းရင်းသား ၈၀၀ ခန့်တို့ကို စနေနေ့တွင် ဘေးကင်းရာဒေသသို့ ရွှေ့ပြောင်းပေးရတော့မည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖော်ပြသည်။

ကနေဒါနိုင်ငံအရှေ့မြောက်ပိုင်း ဘတ်စကက်ချီဝမ်ပြည်နယ်ရှိ ရက်အာသံဒေသတွင် ရေခဲအရည်ပျော်ကျမှုဖြစ်ပွားသဖြင့် ကာရော့မြစ်ရေကြီးပြီးနောက် လူ ၃၀၀ ခန့် သောကြာနေ့က ရွှေ့ပြောင်းခဲ့ရပြီး နောက်ထပ် ဒေသခံများ ထပ်မံရွှေ့ပြောင်းရမည်ဖြစ်သည်ဟု ဆိုသည်။

ရက်အာသံဒေသသည် ဆတ်စကာတွန့်ဒေသ အရှေ့မြောက်ကီလိုမီတာ ၂၄၀ အကွာတွင် တည်ရှိသည်။ တစ်ချိန်တည်းမှာပင် မိုးသည်းထန်စွာရွာသွန်းသဖြင့် မင်နီတိုဘာနှင့် ဆတ်စကက်ချီဝမ်ပြည်နယ်တို့ရှိ မြစ်များရေလျှံခဲ့ပြီး စိုက်ပျိုးမြေများ ပျက်စီးခဲ့ကာ ဒေသခံများ ရေလွှမ်းမိုးသည့် အန္တရာယ်ဖြင့် ကြုံတွေ့ခဲ့ရသည်။

မြစ်နီမြစ်သည် နှစ် ၄၀ အတွင်း မကြုံစဖူးရေပမာဏ မြင့်တက်လာခဲ့ပြီး ရေလျှံခဲ့သဖြင့် မင်နီတိုဘာ ဒေသရှိ စိုက်ပျိုးမြေဟက်တာ ၄၀၀၀၀ ရေလွှမ်းခံခဲ့ရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တောင်ကိုရီးယားမှ သူနာပြု ၁၀၀၀၀ အမေရိကန်သို့ စေလွှတ်မည်

ဆိုးလ် ဧပြီ ၁၇

တောင်ကိုရီးယားနိုင်ငံပိုင် အေဂျင်စီတစ်ခုက လာမည့်ငါးနှစ်အတွင်း အမေရိကန်နိုင်ငံသို့ သူနာပြုဦးရေ ၁၀၀၀၀ စေလွှတ်ရန် စီစဉ်ထားကြောင်း သောကြာနေ့တွင် ပြောကြားသည်။

တောင်ကိုရီးယားမှ သူနာပြုများကို နယူးယောက်ပြည်နယ်ရှိ ဆေးရုံ ၃၆ ရုံတွင် အလုပ်သင်များအဖြစ် တာဝန်ပေးအပ်မည်ဖြစ်ကြောင်း ကိုရီးယား လူ့အရင်းအမြစ်ဖွံ့ဖြိုးရေးဌာနက ပြောကြားသည်။

နယူးယောက်သို့ စေလွှတ်မည့် သူနာပြုများသည် ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ၏ သတ်မှတ်ချက်များ ပြည့်မီပြီး အင်္ဂလိပ်ဘာသာ ကျွမ်းကျင်မှု စစ်ဆေးအောင်မြင်ပြီးသည့်အခါ ၎င်းတို့ကို အရည်အချင်းပြည့် သူနာပြုများအဖြစ် ရာထူးတိုးမြှင့်ခန့်ထားပေးမည်ဖြစ်ကြောင်း တောင်ကိုရီးယား အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးဖြစ်သူ လီမီဆွတ်က ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အမေရိကန်ရှက်လှေတစ်စင်းအား ပင်လယ်ဓားပြများ တိုက်ခိုက်

ရောမ ဧပြီ ၁၇

အမေရိကန်အလံ ထူထားပြီး လူသုံးဦးလိုက်ပါလာသည့် ရွက်လှေငယ်တစ်စင်းကို ရော့ကက်ဒုံးကျည်များ ကိုင်ဆောင်ထားသော ပင်လယ်ဓားပြများက ယီမင်နိုင်ငံ ကမ်းလွန်ဒေသတစ်နေရာတွင် တိုက်ခိုက်ခဲ့ကြောင်း အီတလီကမ်းခြေ စောင့်တပ်ဖွဲ့က တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။

အီတလီနိုင်ငံမှ ကုန်သေတ္တာသယ်သင်္ဘောတစ်စင်းက အမေရိကန်ရွက်လှေငယ်တစ်စင်းထံမှ ဘေးအန္တရာယ်ကျရောက်နေ၍ အရေးပေါ်အကူအညီပေးရန် တောင်းသည့်သတင်းကို နံနက် ၉ နာရီ ၄၅ မိနစ်က ရရှိခဲ့သည်ဟု အီတလီ ကမ်းခြေစောင့်တပ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

အီတလီ ကမ်းခြေစောင့်တပ်ဖွဲ့က ယင်းသတင်းကို ဒေသတစ်ဝန်းရှိ အမေရိကန် အာဏာပိုင်များထံသို့ ပေးပို့ခဲ့သည်။ ယင်းဒေသရှိ အမေရိကန်စစ်သင်္ဘောနှစ်စင်းနှင့် ဒတ်ချ်စစ်ဘက်သင်္ဘောတစ်စင်းကိုလည်းယင်းတိုက်ခိုက်မှုနှင့် စပ်လျဉ်း၍ သတင်းပေးပို့ခဲ့ကြောင်း၊ သို့ရာတွင် ကယ်ဆယ်ရေးကြိုးပမ်းမှုအောင်မြင်မှု ရှိ၊ မရှိ မသိရကြောင်း ၎င်းတာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။

အပေါင်းပါ တပ်ဖွဲ့ဝင်များက ယင်းဖြစ်ရပ်ကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း ဘာရိန်းတွင် အခြေစိုက်သည့် အမေရိကန် အမှတ် (၅) ရေတပ်မှ ပြောရေးဆိုခွင့်ရှိသူတပ်မှူးက ပြောကြားသည်။ သို့ရာတွင် အသေးစိတ် ပြောကြားခြင်းမရှိပေ။

အမ်အင်အေ၊ရိုက်တာ။

နိုင်ငံတကာ သတင်းများ

ဘာရာဇီးနိုင်ငံ၌ရေကြီး၊ လူရှစ်ဦးသေဆုံး

ဘရာစီးလီးယား ဧပြီ ၁၇

ဘရာဇီးနိုင်ငံမြောက်ပိုင်းဒေသတွင် မကြုံစဖူးမိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူရှစ်ဦးသေဆုံးသွားခဲ့ပြီး လူ ၁၁၆၀၀၀ အိုးမဲ့အိမ်မဲ့ဘဝသို့ ရောက်ရှိသွားခဲ့ကြောင်း အာဏာပိုင်များက စနေနေ့တွင် ပြောကြားသည်။

တာဝန်ရှိပုဂ္ဂိုလ်များက ယင်းဒေသမှ အချို့သောဒေသများကို အရေးပေါ်အခြေအနေထုတ်ပြန်ထားပြီး အမေဇုန်မြစ်လက်တက်မှ ရေများလျှံကျမှု အန္တရာယ်မှ ကင်းလွတ်နိုင်ရန်အတွက် လူများကို သောင်းချီ၍ ရွှေ့ပြောင်းပေးခဲ့ရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



စပိန်နိုင်ငံ နွားရိုင်းသတ်ပွဲမြင် ကွင်း ကို ဧပြီ ၁၇ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

❒ **ဝန်ကြီး ဦးအောင်သောင်းမှ**

ထိုမှတစ်ဆင့် ဝန်ကြီးသည် သံတွဲမြို့နယ်ရှိ သံတွဲဆီအုန်းခြံသို့ ရောက်ရှိပြီး ဆီအုန်းပင်များ စိုက်ပျိုးထားမှုနှင့် ဆီသီးခိုင်များကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ခြံမန်နေဂျာ ဦးသောင်းကြည်က ဆီအုန်းခြံနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

သံတွဲဆီအုန်းခြံမှာ ၈၉ ဧကကျယ်ဝန်းပြီး ဆီအုန်းပင်ပေါင်း ၄၅၃၂ ပင် စိုက်ပျိုးထားသည့်အနက်အပင်၄၃၀၀ ကျော် ဆီသီးများ သီးနေပြီဖြစ်သည်။

ထို့နောက် ဝန်ကြီးသည် ရော်ဘာစိုက်ပျိုးထုတ်လုပ်ရေးခြံ (သံတွဲ) သို့ ရောက်ရှိပြီး ရော်ဘာစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ

၁၈-၄-၂၀၀၆

မင်းဘူး- ၄၂ ဒီဂရီစင်တီဂရိတ် (၁၀၈ ဒီဂရီဖာရင်ဟိုက်)

မုံရွာ - ၄၁ ဒီဂရီစင်တီဂရိတ် (၁၀၆ ဒီဂရီဖာရင်ဟိုက်)

မြန်မာနှစ်ဆန်းတစ်ရက်က မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၃)မှ လက်ထောက်အထွေထွေမန်နေဂျာ ဦးအောင်သန်းနှင့် ဝန်ထမ်းမိသားစုတို့က ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းတစ်သောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံးတွင် ဖွင့်လှစ်လျက်ရှိသော အသုံးလုံးကျေ သင်တန်းနှင့် စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်း ဖွင့်လှစ်သင်ကြားနေမှုများအား ဧပြီ ၁၀ ရက်က ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ် လိုက်လံကြည့်ရှုအားပေး၍ အခြေခံစာတတ်မြောက်ရေး စာစဉ်များပေးအပ်လှူဒါန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုနိုင်နှင့် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်တင်ပပဝင်းတို့ လက်ခံယူစဉ်။ (က-ပ)

အင်တာနက် စီးပွားရေးသတင်း

အပင်စွန့်ပစ္စည်းများမှ ဇီဝလောင်စာထုတ်ယူရေး ကမ္ဘာတစ်ဝန်းရှိ သိပ္ပံပညာရှင်များ စူးစမ်းလေ့လာ

တိုကျို ဧပြီ ၁၈

တစ်ကမ္ဘာလုံး အတိုင်းအတာအရ စွမ်းအင်ဖူလုံမှုရရှိရေးအတွက် ကြိုးပမ်းနေကြချိန်တွင် အစားထိုးလောင်စာများထုတ်ယူသုံးစွဲနိုင်ရန် သိပ္ပံပညာရှင်များက အာရုံစိုက်လာကြကြောင်း၊ မော်တော်ယာဉ်များ၏ မောင်းနှင်အားအတွက် လိုအပ်သည့်ဓာတ်ဆီ၏နေရာတွင် အစားထိုးနိုင်မည့် လောင်စာဆီရရှိရေးအတွက် နည်းလမ်းရှာကြံရာ၌ အက်သနော (Ethanol)ကို ပိုမိုသုံးစွဲလာစေရန် စွမ်းအင်နည်းပညာသစ်ကို ဖော်ထုတ်ရန်လိုအပ်ကြောင်း၊ အက်သနောဟူ၍ ခေါ်တွင်သော လောင်စာရည်တစ်မျိုးကို အပင်များနှင့် သက်ဆိုင်သည့် စွန့်ပစ္စည်းများမှ ရယူနိုင်ကြောင်း၊ အပင်ဆိုင်ရာစွန့်ပစ္စည်းကို အက်သနောအဖြစ်သို့ ပြောင်းလဲရေးတွင် အရေးပါသော ဘက်တီးရီးယားပိုးများနှင့် သစ်ဆွေးမှိုများကို သုတေသီများလေ့လာလျက်ရှိကြောင်း ဧပြီ ၁၇ရက် အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အက်သနော အသုံးပြုသည့်ကားများသည် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ထုတ်လွှတ်သော်လည်း ယင်းဓာတ်ငွေ့ကို ပြောင်းဖူးပင်များကဲ့သို့သော မူလအပင်များက ပြန်လည် စုပ်ယူနိုင်သည်။ ဖေဖော်ဝါရီ ၈ရက်က အမေရိကန်နိုင်ငံ ချီကာဂိုမြို့၌ ကျင်းပသော မော်တော်ကားပြပွဲတွင် (E 85) အက်သနော လောင်စာအသုံးပြုသည့်ကားတစ်စီးကို ပြသထားစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

လျှော့ချနိုင်

ယခုအခါ ကမ္ဘာတစ်ဝန်းတွင် ဓာတ်ဆီနှင့် အက်သနောတို့ကို ပေါင်းစပ်အသုံးပြုသည့် မော်တော်ကားများကို တစ်စတစ်စ တွင်ကျယ်စွာအသုံးပြုလာနေပြီဖြစ်သည်။ အက်သနောကို ပိုမိုသုံးစွဲလာခြင်းဖြင့် ရုပ်ကြွင်းလောင်စာများပေါ်တွင် မှီခိုအားထားနေရမှု လျှော့ချနိုင်မည်ဖြစ်သည်။

အီး-၈၅ (E-85)ဟူ၍ ခေါ်တွင်သော လောင်စာမှာ အက်သနော ၈၅ရာခိုင်နှုန်းနှင့် ဓာတ်ဆီ ၁၅ရာခိုင်နှုန်းကို ပေါင်းစပ်ထားခြင်းဖြစ်သည်။

နည်းသစ်ရှာဖွေ

သုတေသီများသည် ယခုအခါ အပင်စွန့်ပစ္စည်းဖြစ်သည့် သစ်ဆွေးကို အက်သနောအဖြစ်သို့ ပြောင်းလဲနိုင်မည့် နည်းစနစ်သစ်များကို ရှာဖွေဖော်ထုတ် လျက်ရှိသည်။

အပင်ငယ်များသည် အကြိမ်ကြိမ်ထုတ်ယူသုံးစွဲနိုင်သော စွမ်းအင်အရင်းအမြစ်တစ်မျိုးဖြစ်ပြီး အလွယ်တကူကုန်ခန်းနိုင်ခြင်းမရှိပေ။ စပါးခွံများ၊ လွှစာမှုန့်များ၊ သစ်တိုသစ်စများသည် အပင်စွန့်ပစ္စည်းများဖြစ်ကြပြီး စွမ်းအင်ထုတ်ယူရေးအတွက် အခြေခံကုန်ကြမ်းများပင်ဖြစ်သည်။

လေ့လာလျက်ရှိ

အပင်စွန့်ပစ္စည်းများမှ ဖြစ်ပေါ်လာသည့် အဏုဇီဝရုပ်များကို မော်တော်ယာဉ်များအတွက် လိုအပ်သော အက်သနောအဖြစ်သို့ ပြောင်းလဲနိုင်ရန် သိပ္ပံပညာရှင်များ လေ့လာနေကြသည်။ အင်ဇိုင်းဂုဏ်သတ္တိဖြင့် မော်လီကျူးပြိုကွဲသည့် လုပ်ငန်းစဉ်ကိုအသုံးပြုကာ ပြောင်းဖူးအစေ့အဆန်များမှ အက်သနော ထုတ်ယူလာမှုမှာ နှစ်ပေါင်းအတန်မျှ ကြာမြင့်ခဲ့ပြီဖြစ်သည်။ ယခု အခါ

ကာဗွန်သံသရာလည်ပုံ

ပြောင်းဖူးမှ အက်သနောထုတ်ယူသည့်လုပ်ငန်းစဉ်နှင့် ကာဗွန်သံသရာလည်ပုံကို ဖော်ပြသည့် သရုပ်ပြပုံကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*



သိပ္ပံပညာရှင်များ၏ အာရုံစိုက်မှုမှာ ပြောင်းစေ့ကိုသာမက ပြောင်းပင်၏ရိုးတံ၊ အရွက်နှင့် အူတိုင်တို့ပါ အသုံးပြု၍ အက်သနောလောင်စာထုတ်ယူနိုင်ရေးဖြစ်သည်။

ဇီဝလောင်စာထုတ်ယူရေး

ဘက်တီးရီးယားနှင့် သစ်ဆွေးမှိုတို့ဖြစ်သည့် အဏုဇီဝရုပ်များကို အသုံးပြု၍ အပင်စွန့်ပစ္စည်းများကို ဇီဝလောင်စာထုတ်ယူလာနိုင်တော့မည်မှာ မဝေးကွာလှတော့ပေ။ ***အင်တာနက်။***

ထိုင်းနိုင်ငံ ဆွန်ကရန်ရေသဘင်ပွဲတော်ရက်များအတွင်း သေဆုံးသူ ၄၇၆ဦးရှိပြီး၊ ဒဏ်ရာရရှိသူ ၅၉၈၅ဦးရှိ

ယာဉ်မတော်တဆဖြစ်မှု ၅၃၂၇မှုပါဝင်

ရန်ကုန် ဧပြီ ၁၈

ထိုင်းနိုင်ငံ၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆွန်ကရန်ရေသဘင်ပွဲတော်ကို ဧပြီ ၇ ရက်မှ ၁၆ ရက်အထိ ၁၀ရက်တိုင်တိုင်ကျင်းပခဲ့ရာ ပွဲတော်ကာလအတွင်း လူ ၄၇၆ ဦး သေဆုံးပြီး၊ ၅၉၈၅ ဦး ဒဏ်ရာရရှိခဲ့သည်။ သေဆုံးထိခိုက်ဒဏ်ရာရရှိမှုတို့တွင် ယာဉ်မတော်တဆဖြစ်မှု ၅၃၂၇မှုပါဝင်သည်။

ဆွန်ကရန်ရေသဘင်ပွဲတော် တရားဝင်စတင်ကျင်းပသည့် ဧပြီ ၁၃ရက် တစ်ရက်တည်းမှာပင် ယာဉ်မတော်တဆဖြစ်မှုကြောင့် သေဆုံးသူဦးရေ ၈၉ဦးရှိခဲ့သည်။ ထိုသို့ မတော်တဆထိခိုက်မှုဖြစ်ရခြင်းမှာလည်း သောက်စားမူးယစ်ပြီး ယာဉ်မောင်းနှင်ကြခြင်းနှင့် ယာဉ်ကို သတ်မှတ်မိုင်နှုန်းထက်ကျော်လွန်၍ မောင်းနှင်ခြင်းတို့ကြောင့်ဖြစ်သည်။

ယခုနှစ် ထိုင်းနိုင်ငံ ဆွန်ကရန်ရေသဘင်ပွဲတော်ကာလအတွင်း၌ သေဆုံးသူဦးရေမှာ ယမန်နှစ်ကထက် ၄၆ဦး လျော့နည်းခဲ့ပြီး ထိုင်းနိုင်ငံအစိုးရက ပွဲတော်ကာလအတွင်း ယခင်နှစ်များကထက် ပို၍ စည်းကမ်းထိန်းသိမ်း ကြပ်မတ်ခဲ့ကြောင်း ဧပြီ ၁၈ရက် ထိုင်း နိုင်ငံထုတ် The Nation သတင်းစာတွင် ဖော်ပြထားသည်။ (သည်နေရှင်း)

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ဇေယျာမွန်ရပ်ကွက် စကားဝါလမ်းအား ဂဝံခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအား ဧပြီ ၁၀ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်နှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မုံရွာမြို့တွင် မိုးရေချိန်စံချိန်သစ်တင်

ရန်ကုန် ဧပြီ ၁၈

၂၀၀၆ ခုနှစ် ဧပြီ ၁၈ရက် နံနက် မြန်မာစံတော်ချိန် ၉း၃၀ နာရီအချိန်တွင် မုံရွာမြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၇၀ မီလီမီတာ (၂ ဒသမ ၇၅) လက်မသည် ယင်းမြို့၏ လွန်ခဲ့သော နှစ်ပေါင်း ၄၂နှစ်အတွင်း ဧပြီလအတွက် အများဆုံး တိုင်းထွာရရှိခဲ့သော ၂၄ နာရီ မိုးရေချိန်စံချိန်သစ်ဖြစ်သည်။

ယခင်စံချိန်ဟောင်းမှာ ၄၆မီလီမီတာ (၁ ဒသမ ၈၁) လက်မဖြစ်ပြီး ၁၉၇၂ ခုနှစ် ဧပြီ ၁၂ရက်တွင် ရှာသွန်းခဲ့ခြင်းဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ ထုတ်ပြန်သည်။

သံလွင်တံတား(မော်လမြိုင်)ကို တစ်မျိုးသားလုံးအနေဖြင့်ရော၊ ဒေသခံများအနေဖြင့်ပါ လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝင့်ကြွားရမည့် မြန်မာ့သမိုင်းဝင်တံတားကြီးဖြစ်ကြောင်း အသိပေးလို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မော်လမြိုင်ဘူတာနှင့် သံလွင်တံတား(မော်လမြိုင်)ရထားတံတားဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

❖ **ကျောဖုံးမှ**

အစီအစဉ်အရ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ကျက်သရေမင်္ဂလာရှိသည့် မြန်မာ့နှစ်သစ်ကူးအခါသမယ နှစ်ဆန်းတစ်ရက်နေ့တွင် နိုင်ငံတော်၏ လမ်းတံတားကဏ္ဍအတွက် မှတ်တိုင်သစ်တစ်ရပ်အဖြစ် မော်ကွန်းတင်နိုင်သည့် မွန်ပြည်နယ် ကျက်သရေဆောင် သံလွင်တံတား (မော်လမြိုင်)မီးရထားတံတားနှင့် ခေတ်မီမော်လမြိုင်ဘူတာရုံသစ်ကြီး ဖွင့်ပွဲအခမ်းအနားကို ကျက်သရေမင်္ဂလာရှိရှိ စည်စည်ကားကားကျင်းပသည့် အချိန်တွင် ပြည်သူများနှင့်အတူ တက်ရောက်နိုင်ပြီး စကားပြောကြားခွင့်ရသည့် အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ရှေးဦးစွာ ပြောကြားလိုကြောင်း။

ပြီးခဲ့သည့် ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် နိုင်ငံတော်၏ အရှည်လျားဆုံးဖြစ်သည့် ဤကားလမ်းတံတားကြီးကို ဂုဏ်ယူဝင့်ကြွားစွာ ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ယင်းဖွင့်ပွဲအခမ်းအနားကို နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် တက်ရောက်အားပေးချီးမြှင့်ခဲ့ပါကြောင်း၊ ထိုစဉ်က တံတားကြီး၏ အဓိကပင်မအပိုင်းမှာ ကားလမ်း၊ ရထားလမ်းနှင့် လူသွားလမ်းတို့ကို တည်ဆောက်ပြီးစီးခဲ့သော်လည်း တံတားကြီးကို ချဉ်းကပ်သည့် ရထားချဉ်းကပ်တံတားများကို တည်ဆောက်နေဆဲကာလဖြစ်ကြောင်း။

ယခုအချိန်တွင် မော်လမြိုင်ဘက်မှရော မုတ္တမဘက်မှာပါ ချဉ်းကပ်ရထားတံတားများနှင့် ချဉ်းကပ်ရထားလမ်းများကို ပြည့်စုံစွာတည်ဆောက်ပြီးစီးသွားဖြစ်ကြောင်း၊ ပင်မတံတားကြီးကိုသာမက ရထားလမ်းတွေကိုပါ မြန်မာအင်ဂျင်နီယာ အတတ်ပညာရှင်များက ပင်ပင်ပန်းပန်း ကြိုးကြိုးစားစား ကြံစည်လုပ်ကိုင်တည်ဆောက်နိုင်ခဲ့ကြသည်ကို မိမိတို့ အသိအမှတ်ပြု မှတ်တမ်းတင်ရမှာပင်ဖြစ်ကြောင်း၊ ထို့ကြောင့်ကားလမ်း၊ ရထားလမ်း၊လူသွားလမ်းတို့နှင့် ပြည့်ပြည့်စုံစုံ ထည့်သွင်းတည်ဆောက်ထားသည့် သံလွင်တံတား(မော်လမြိုင်)ကိုတစ်မျိုးသားလုံးအနေဖြင့်ရော၊ ဒေသခံများအနေဖြင့်ပါ လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝင့်ကြွားရမည့် မြန်မာ့သမိုင်းဝင် တံတားကြီးဖြစ်ကြောင်း အသိပေးလိုကြောင်း၊ ထပ်ဆင့်ပြောကြားရဦးမည်ဆိုလျှင် ဤတံတားကြီးသည် နည်းပညာအရ အဆင့်အတန်းရှိသည့် တံတားကြီးဖြစ်သည့်အပြင်နိုင်ငံတော်နှင့်ဒေသအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့အရလည်း အရေးပါသည့် တံတားကြီးဖြစ်ကြောင်း။

စုန်ဆန်စီးဆင်းနိုင်မည်

နိုင်ငံတော်၏ တောင်ဘက်ဖျား တနင်္သာရီတိုင်း ကော့သောင်းမြို့မှ မော်တော်ကားများသည် နိုင်ငံတော်က တည်ဆောက်ပေးထားပြီးဖြစ်သည့် လေညှာ-မဏ္ဍိုင်တံတား၊ တနင်္သာရီတံတား၊ ကျွဲကူး-ကျောက်ဖျာတံတား၊ ပသောင်းတံတား၊ ပုလောတံတား၊ ပလောက်တံတား၊ ဝင်းဝတံတား၊ ရေးတံတား စသည့် မြစ်ကူး၊ ချောင်းကူးတံတားကြီး အသွယ်သွယ်ကို ဖြတ်သန်းပြီး မော်လမြိုင်တံတားကြီးမှတစ်ဆင့် ပြည်နယ်/တိုင်းအနှံ့ကို လွယ်လင့်တကူ

သံလွင်တံတား(မော်လမြိုင်)ရထားတံတားကို တွေ့ရစဉ်။ (သတင်းစဉ်)

သည့်အတွက် မော်တော်ကားရောမီးရထားများပါ သံလွင်တံတားကြီးပေါ်မှ လွယ်ကူလျင်မြန်စွာ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း။

ရထားလမ်းနှင့်ခေတ်မီဘူတာသစ်

ထို့ကြောင့် မော်လမြိုင်သံလွင်မြစ်ကျော်ကားလမ်းတံတားကြီး ဖွင့်လှစ်ပေးခဲ့ပြီးနောက် တစ်နှစ်အကြာတွင် ယခုကဲ့သို့ မီးရထားလမ်းနှင့် ခေတ်မီဘူတာရုံ အသစ်ကြီးကို ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

မော်လမြိုင်ဘက်ခြမ်းတွင် ချဉ်းကပ်တံတားအရှည် ၁ဒသမ၂၂မိုင်၊ မုတ္တမဘက်ခြမ်းတွင် ချဉ်းကပ်တံတားအရှည် ၁ဒသမ၄၂မိုင် အပါအဝင် စုစုပေါင်း ရထားသံလမ်း ၄ ဒသမ၇၅ မိုင်ကို မြန်မာ့မီးရထားနှင့် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းတို့က ခက်ခက်ခဲခဲတည်ဆောက်ခဲ့ရခြင်းဖြစ်ကြောင်း၊ တည်ဆောက်ရသည့် ချဉ်းကပ်တံတားတိုင်များသည် မြင့်မားရှည်လျားသည့်အပြင် တံတားတည်ဆောက်မှုလုပ်ငန်းသည် နည်းပညာအရ အလွန်လက်ဝင်သည့် လုပ်ငန်းမျိုး ခရီးဆက်နိုင်မှာဖြစ်ကြောင်း၊ အလားတူပင် ထားဝယ်ကလာသည့် မီးရထားသည်လည်း ရေးတံတားနှင့် ဤတံတားကြီးကိုဖြတ်ပြီး ရန်ကုန်မြို့တော်ကို မြန်မြန်ဆန်ဆန် သွားနိုင်တော့မှာဖြစ်ကြောင်း၊ ရထားလမ်းတစ်လျှောက် ပြုပြင်မွမ်းမံစရာရှိသည်များကို ပြုပြင်မွမ်းမံပြီးလျှင် ရန်ကုန်မှ ထားဝယ်ကို ရထားဖြင့် တောက်လျှောက်သွားနိုင်တော့မှာလည်းဖြစ်ကြောင်း၊ ခရီးသွားလာမှု လွယ်ကူသွားသကဲ့သို့ ကုန်စည်စီးဆင်းမှုသည်လည်း မြန်ဆန်သွက်လက်လာမှာ ဧကန်ပင်ဖြစ်ကြောင်း၊ တနင်္သာရီတိုင်းနှင့် မွန်ပြည်နယ်မှ ထွက်ကုန်ပစ္စည်းမျိုးစုံသည် ဈေးကွက်ရှိရာဒေသအသီးသီးကို အချိန်တိုအတွင်း စုန်ဆန်စီးဆင်းနိုင်တော့မှာ ဖြစ်ကြောင်း။

တည်ဆောက်နေဆဲ စီမံကိန်းများနှင့် ဆက်စပ်ကြည့်မည်ဆိုလျှင် လက်ရှိသိမ်ဇရပ်တွင်ရှိသည့် စစ်တောင်းတံတားနှင့်ယှဉ်ပြီး တည်ဆောက်နေသည့် စစ်တောင်းရွာအနီး မြစ်ကူးမော်တော်ကားတံတားသစ်ပြီးစီးသွားမည်ဆိုလျှင်၊ ထို့အပြင် ဖောက်လုပ်နေဆဲ စစ်တောင်း-ဒိုက်ဦးကားလမ်းနှင့် မီးရထားဖြတ်လမ်းပြီးသွားမည်ဆိုလျှင် တနင်္သာရီတိုင်းနှင့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့၏ ဖွံ့ဖြိုးတိုးတက်ရေးကို ပို့ဆောင်ရေးလမ်းကြောင်းအပိုင်းကနေပြီး ပိုမိုအထောက်အကူပြုသွားဦးမှာ သေချာလျက်ရှိကြောင်း၊ ယင်းလမ်းများသည် မော်လမြိုင်မှ ပျဉ်းမနား၊ မန္တလေး စသည်တို့ကို သွားမည်ဆိုလျှင် ရထားလမ်းအနေဖြင့် မိုင် ၄၀ ခရီးတိုသွားပြီး ကားလမ်းသည် မိုင်၂၀ခရီးတိုသွားမှာဖြစ်ကြောင်း။

တပ်မတော်အစိုးရ လက်ထက်တွင် မော်တော်ကားလမ်းများ၊ မီးရထားလမ်းများ၊ တံတားများကို တည်ဆောက်နေသည့် ရည်ရွယ်ချက်သည် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံးကို သွားလာမှုလွယ်ကူချောမွေ့ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုရရှိခိုင်မာစေရေး၊ နယ်မြေဒေသအားလုံး တစ်ပြိုင်တည်းဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေး၊ တိုင်းရင်းသားများ၏ စီးပွားရေးဖွံ့ဖြိုးမှုခိုင်မာပြီး လူနေမှုဘဝ မြင့်မားလာစေရေးဆိုသည့် ရည်ရွယ်ချက်များအတွက်ပင် ဖြစ်ကြောင်း။

လမ်းညွှန်ချက်

ဤနေရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းပန်းဆက်သွယ်မှုဆိုင်ရာ လမ်းညွှန်ချက်အချို့ကို ကောက်နုတ်တင်ပြရမည်ဆိုလျှင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက-

"နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံးကို ဖွံ့ဖြိုးတိုးတက်စေချင်ကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့အတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် လမ်းပန်းဆက်သွယ်မှုဆိုင်ရာ ကားလမ်း၊ ရထားလမ်းတို့ကို တိုးချဲ့ဖောက်လုပ်နေခြင်းဖြစ်ကြောင်း၊ ပြည်နယ်/တိုင်း ၁၄ ခုလုံး၌ နေထိုင်လျက်ရှိတဲ့ တိုင်းရင်းသားပြည်သူအားလုံးသည် ဆွေမျိုးသားချင်း ညီအစ်ကိုမောင်နှမများဖြစ်ရာ တစ်ဦးချမ်းသာ၊ကျန်းမာသလို တစ်ဦးကိုလည်း ကျန်းမာချမ်းသာအောင်လုပ်ကိုင် ဆောင်ရွက်ပေးနေကြောင်း၊ မည်သည့်တိုင်းရင်းသား သားသမီးကိုမဆို သာစေ၊ နာစေဟူ၍ မရှိကြောင်း၊ သားသမီးအားလုံး ဆင်စီးမြင်းရံစေချင်သည်မှာ အမှန်ပင်ဖြစ်ကြောင်း၊ ငွေကြေးအမြောက်အမြား အကုန်အကျခံ၍ တံတားကြီးများတည်ဆောက်ပေးခြင်းဟာ စီးပွားရေး အကျိုးအမြတ်အရ တွက်ချေကိုက်မှုမရှိသော်လည်း ပြည်နယ်ဖွံ့ဖြိုးတိုးတက်စေရန်ဖြစ်ကြောင်း၊ သောင်းကျန်းသူဒဏ်အပါအဝင် ဒုက္ခအမျိုးမျိုး ခံစားနေကြရတဲ့ ပြည်နယ်သားများတိုးတက်စေရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် တည်ဆောက်ပေးခြင်းဖြစ်ကြောင်း"

စသည်ဖြင့် လမ်းညွှန်မိန့်ကြားခဲ့ပါကြောင်း။

ထို့ကြောင့်လည်း တပ်မတော်အစိုးရအနေဖြင့် တံတားကြီးစာရင်းဝင် တံတားသစ်ကြီး ပေါင်း ၂၁၄ စင်းကို နယ်မြေဒေသအနှံ့တွင် တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဤသို့တံတားကြီးများတည်ဆောက်ရာတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကသာမက စစ်မြေပြင် အင်ဂျင်နီယာတပ်ဖွဲ့များ၊ မြန်မာ့မီးရထား အင်ဂျင်နီယာများ၊ လျှပ်စစ်စွမ်းအား အင်ဂျင်နီယာများ စသည့် လမ်းတံတားနှင့် သက်ဆိုင်သည့် အဖွဲ့အစည်းအားလုံးကို တံတားတည်ဆောက်မှုအတွေ့အကြုံနှင့် နည်းပညာရရှိအောင် လေ့ကျင့်ပျိုးထောင်ပေးပြီး တစ်နိုင်ငံလုံးရှိတံတားကြီးများကို ဝိုင်းဝန်းတည်ဆောက်စေခဲ့ခြင်းဖြစ်ကြောင်း။

ထို့အတူနိုင်ငံတော်တွင် ၁၉၈၈ခုနှစ်က ကားလမ်းမိုင်၂၁၀၀၀ကျော်ခန့်နှင့် မီးရ ထားလမ်းမိုင်၂၀၀၀ခန့်ရှိရာက အခုဆိုလျှင် ကားလမ်းမိုင် ၅၈၀၀၀ ကျော်၊ မီးရထားလမ်းမိုင်၃၀၀၀ကျော်အထိ တိုးချဲ့ဖောက်လုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ တစ်ချိန်တစ်ခါက မော်တော်ကားလမ်းဖြင့် သွားရန်လာရန် အိပ်မက်ပင် မမက်ရဲသည့် ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းတို့တွင် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❍

❐ အခြေခံကောင်းနှင့် ပတ်ဝန်းကျင်
ကောင်းများကို တည်ဆောက် ထူ
နိုင်ငံတော်အစိုးရ တစ်ခုတည်းက တ
ဆောက်ထူထောင်၍ မရနိုင်၊

❐ နိုင်ငံတော်နှင့် ပြည်သူအများ တ
နားလည်မှုရှိရှိ ပူးပေါင်း အကော
ကြမှသာ အေးချမ်းသာယာပြီး ခေတ်
သည့် စည်းကမ်းပြည့်ဝသော ဒီမိုက
သစ်ကြီးဆီသို့ ရောက်မှာဖြစ်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မော်လမြိုင်ဘူတာ ကမ္ဗည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ယနေ့ရရှိနေသည့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ရလဒ်ကောင်းများကို မလေ
စဉ်ဆက်မပြတ် တိုးတက်နေအောင် ဆောင်ရွက်ရမည်မှာ မိမိတို့ နိုင်ငံသားတိုင်း၏ တ

❍ စာမျက်နှာ ၇ မှ

ယနေ့ဆိုလျှင် ကားလမ်းကြောင်းသစ်များ ခိုင်ခိုင်မာမာ ပေါ်ထွက်နေသဖြင့်လေကြောင်းလမ်း၊ ရေကြောင်းလမ်းဖြင့်သာမက မော်တော်ကားဖြင့်ပါ ဥဒဟိုသွား၍၊ လာ၍ ရနေပြီဖြစ်ကြောင်း၊ မြစ်များ၊ ချောင်းများကို တံတားဆင်ပြီး ကျော်လွှားနိုင်ပြီဖြစ်သည့်အတွက် ပြည်ထောင်စုတစ်ခုလုံး၏ ရေကြော၊ မြေကြောများသည် တစ်ဆက်တည်းကဲ့သို့ ဖြစ်ပေါ်နေပြီး တိုင်းရင်းသားအားလုံး၏ ချစ်ခင်ရင်းနှီးမှုများသည်လည်း တစ်ဆက်တစ်စပ်တည်း ဖြစ်နေပြီဖြစ်ကြောင်း။

အလားတူပင် မြေပြန့်ဒေသတွင်သာမက ကုန်းမြင့်ဒေသဖြစ်သည့် ရှမ်းပြည်နယ်တွင်လည်း အောင်ပန်း-

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

လွိုင်ကော်မီးရထားလမ်း၊ ရွှေညောင်-တောင်ကြီး-နမ့်စန်-မိုးနဲမီးရထားလမ်း စသည့် ရထားလမ်းသစ်များကို မြေပြင်အခြေအနေ အလွန်ခက်ခဲသည့်အကြားမှ တိုးချဲ့ဖောက်လုပ်ပေးခဲ့ပြီးဖြစ်ကြောင်း။

မွန်ပြည်နယ်အတွင်း၌လည်း အတ္တရံတံတား၊ ဂျိုင်းတံတား(ဇာသပြင်)၊ ရေးတံတား၊ ဒံသမိတံတားများ တည်ဆောက်ထားပြီးဖြစ်သည့်အတွက် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အကြား၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းအကြား ကူးသန်းသွားလာဆက်သွယ်မှုများသည် လွယ်ကူမြန်ဆန်ချောမွေ့နေသည်မှာ အားလုံးအသိပင် ဖြစ်ကြောင်း။

ရင်းနှီးမြှုပ်နှံ

နိုင်ငံတော်တစ်ဝန်းတွင် တောင်နှင့်မြောက်၊ အရှေ့နှင့် အနောက် သွား၍၊ လာ၍ရသည့် ကားလမ်းကွန်ရက်စနစ် တည်ဆောက်ခဲ့သကဲ့သို့ ဒေသအလိုက် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်ဆည်တမံများ၊ ရေထိန်းတံခါးများ၊ မြစ်ရေတင်စခန်းများ၊ စက်ရုံအလုပ်ရုံများ၊ စက်မှုဇုန်များကိုလည်း ရင်းနှီးမြှုပ်နှံ ထူထောင်ပေးနေကြောင်း။

ထို့အတူ ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍတို့တွင် ဒေသအလိုက် ပညာသင်ကြားမှု၊ သင်ယူမှုအခွင့်အလမ်း ပိုမိုရရှိစေရန်အတွက် လိုအပ်သည့် တက္ကသိုလ်များ၊ ကောလိပ်များ၊ သိပ္ပံကျောင်းများကို တည်ဆောက်ပေးနေသကဲ့သို့ ပြည်သူများအပေါ် ကျန်းမာရေး ပြုစုစောင့်ရှောက်မှု ပိုမိုပြုနိုင်ရန်အတွက် ဆေးရုံများ၊ ဆေးပေးခန်းများကိုလည်း အဆင့်မြှင့်တင်ခြင်း၊ အသစ်တိုးချဲ့ဆောက်လုပ် ဖွင့်လှစ်ခြင်းတို့ကိုပါ ပြုလုပ်ပေးနေကြောင်း၊ အထူးသဖြင့် နိုင်ငံတော်၏ အချက်အချာဒေသများကို ဖွံ့ဖြိုးရေးဒေသများအဖြစ် တိုးချဲ့သတ်မှတ်ပြီး ဒေသအလိုက် ပညာရေး၊ ကျန်းမာရေး အဆင့်မြှင့်တင်မှုများကို ပြုလုပ်နေလျက်ရှိကြောင်း။

တစ်ဆက်တည်းမှာပင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်နှင့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများ ချမှတ်ပြီး ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး ကွက်လပ်မကျန်ရအောင် ကွက်ပြည့် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ချိတ်ဆက်အကောင်အထည်ဖော် ဆောင်ရွက်နေသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း။

ကိုယ့်ခွန်ကိုယ့်အားအရင်းပြု

ဤကဲ့သို့ ပြည်ထောင်စုကြီး၏ နယ်မြေဒေသအနှံ့ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးအခြေခံများကို ထူထောင်ရာတွင် နိုင်ငံတော်အစိုးရသည် ကိုယ့်ခွန်ကိုယ့်အားကို အရင်းပြုပြီး ပြည်သူများ၏ ပူးပေါင်းပါဝင်မှု၊ နိုင်ငံ့ဝန်ထမ်းများ၏ တီထွင်ကြံဆ ကြိုးပမ်းအားထုတ်မှုများကို အခြေခံကာ ခေတ်မီနိုင်ငံတော်ကြီးဖြစ်လာစေရန်အတွက် ကြိုးပမ်းထူထောင်နေခြင်း ဖြစ်ကြောင်း။

ခြုံလိုက်လျှင် ပြည်သူများ ဝင်ငွေတိုးအောင်၊ နိုင်ငံ့ဝန်ထမ်းများ သက်သာချောင်ချိအောင်၊ နိုင်ငံသားအားလုံး ပညာရည်အဆင့်အတန်း မြင့်မားအောင်၊ ကျန်းမာအသက်ရှည်အောင်၊ လူ့ဘဝသက်တမ်းစေ့နေနိုင်အောင်၊ ပြည်သူများ အေးချမ်းသာယာသည့် ဘဝလုံခြုံမှုရရှိအောင် ဘက်စုံထောင့်စုံမှ စဉ်းစားကြံဆပြီး နိုင်ငံတော်အစိုးရသည် ပြည်သူနှင့်တပ်မတော်၏ အားကို ရယူပြီး မနားမနေ ကြိုးပမ်းဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း။

မြင်သာထင်သာတိုးတက်

ဤသို့ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်မှုကြောင့် မွန်ပြည်နယ်ကိုကြည့်မည်ဆိုလျှင် တက္ကသိုလ်၊ ကောလိပ်များ၊ ခေတ်မီဆေးရုံကြီးများနှင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများသည် ယခင့်ယခင်ကာလများနှင့် များစွာကွာခြားပြီး တိုးတက်ခေတ်မီလျက်ရှိနေကြောင်း၊ ထို့အပြင် ရေလှောင်တမံများ၊ ရေထိန်းတံခါးများ၊ မြစ်ကူး၊ ချောင်းကူးတံတားများနှင့်အတူ လယ်ယာကဏ္ဍ ဖွံ့ဖြိုးမှု၊ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေမှုတို့သည်လည်း သိသိသာသာ မြင်သာထင်သာတိုးတက်ပြီး အသီးအပွင့်များ ခံစားရနေပြီဖြစ်ကြောင်း၊ အလားတူ ပြည်နယ်၏ စက်မှုကဏ္ဍနှင့် သားငါးကဏ္ဍသည်လည်း ဖွံ့ဖြိုးမှုလမ်းကြောင်းအပေါ် ရောက်နေပြီဟုပြောလို့ရနေပြီဖြစ်ကြောင်း၊ ဒေသ၏ အေးချမ်း တည်ငြိမ်မှုဆိုလျှင် တစ်နှစ်ထက်တစ်နှစ် တိုးတက်လာနေပြီဖြစ်ကြောင်း၊ ဤရေခံမြေခံကောင်းများကို မိမိတို့ ထိထိရောက်ရောက်အသုံးချပြီး ဖိဖိစီးစီး ကြိုးစားကြမည်ဆိုလျှင် မွန်ပြည်နယ်သည် မကြာမီ နိုင်ငံတော်အတွက် စီးပွားရေးအရ အားထားရသည့် ပြည်နယ်တစ်ခု ဖြစ်လာမှာ အသေအချာဖြစ်သည်ဟု အသိပေးလိုကြောင်း။

အရေးကြီးဆုံးမှာ ဒေသတွင်း ပြည်သူများသည် မိမိတို့၏လုပ်ငန်းဆောင်တာများကို ဥပဒေနှင့်အညီ ဖိဖိစီးစီး ကြိုးကြိုးစားစား လုပ်ကိုင်ကြရန်၊ ဒေသအတွင်းတွင် တိုင်းရင်းသားအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ရှိကြရန်နှင့် ရပ်ရွာဒေသ တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးရေးကို အထောက်အကူပေးကြရန် အထူးလိုအပ်သည်ဟု ပြောကြားလိုကြောင်း၊ ဤသည်မှာ အခြေခံအားဖြင့် လိုအပ်သည့် အုတ်မြစ်ကောင်း၊ အခြေခံကောင်းများပင်ဖြစ်ကြောင်း၊ ဤသို့ နိုင်ငံတော်က တည်ဆောက်ပေးထားသည့် အခြေခံကောင်းများကို မိမိတို့အားလုံး ခိုင်မာအောင် ဆောင်ရွက်နိုင်ပါမှ အနာဂတ်အလားအလာသည် ပို၍ပို၍ သာယာဝပြော တောက်ပလာမည်ဖြစ်ကြောင်း၊ တကယ်တော့ နိုင်ငံကို ချစ်မြတ်နိုး

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

သည့်သူတိုင်း၊ မိမိရပ်ရွာဒေသကို တန်ဖိုးထားသူတိုင်း၊ မျိုးချစ်စိတ်ထားရှိသူတိုင်းသည် နိုင်ငံတော်၏ နယ်မြေဒေသအားလုံးကို တည်ငြိမ်အေးချမ်းစေချင်ပြီး ဖွံ့ဖြိုးတိုးတက်စေချင်ကြသည်မှာ ဓမ္မတာပင်ဖြစ်ကြောင်း၊ ယနေ့ရရှိဖြစ်ထွန်းနေသည့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုရလဒ်ကောင်းများကို မလျော့ပါးစေဘဲ စဉ်ဆက်မပြတ် တိုးတက်နေအောင် ဆောင်ရွက်ရမည်မှာ မိမိတို့ နိုင်ငံသားတိုင်း၏ တာဝန်ပင်ဖြစ်ကြောင်း၊ ဤသို့ အခြေခံကောင်းနှင့် ပတ်ဝန်းကျင်အခြေအနေကောင်းများကို တည်ဆောက်ထူထောင်ရာတွင် နိုင်ငံတော်အစိုးရ တစ်ခုတည်းက တာဝန်ယူ တည်ဆောက်ထူထောင်၍ မရနိုင်ကြောင်း၊ နိုင်ငံတော်နှင့်ပြည်သူအများသည် တက်ညီလက်ညီ နားလည်မှုရှိရှိ ပူးပေါင်းအကောင်အထည်ဖော်ကြမှသာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ ရောက်မှာဖြစ်ကြောင်း။

ထို့ကြောင့်လူတိုင်းလူတိုင်းသည် မိမိဒေသ အကျိုးအတွက် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အချိန်နှင့်အမျှ တိုးတက်သည်ထက် တိုးတက်နေအောင်ဖော်ဆောင်နေကြရမှာဖြစ်သကဲ့သို့ နိုင်ငံတော်၏ မွန်မြတ်သော စေတနာကို တုံ့ပြန်ကျေးဇူးဆပ်သည့်အနေဖြင့် မိမိတို့၏ ဆောင်ရွက်ဖွယ်ရာလုပ်ငန်းများကို ကြိုးကြိုးစားစား ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ သို့မှသာ လူပုဂ္ဂိုလ်တစ်ဦးချင်း၏ အကျိုးစီးပွားနှင့် အများ၏ အကျိုးစီးပွားကို သဟဇာတမျှတအောင် ဖော်ဆောင်နိုင်သည့် စစ်မှန်သည့် ဒီမိုကရေစီလူနေမှုစနစ်သည် ခိုင်ခိုင်မာမာ ဖြစ်ထွန်းလာမှာ ဖြစ်ကြောင်း။

နိုင်ငံတွင် ဆင်းရဲနွမ်းပါးမှု၊ ပညာမတတ်မြောက်မှု၊ ရပ်ရွာဒေသ မတည်မငြိမ်၊ မအေးချမ်းမှုများ ရှိနေမည်ဆိုလျှင် ဒီမိုကရေစီနိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းရေးအတွက် ဆောင်ရွက်ရာတွင် အဟန့်အတား အနှောင့်အယှက်ဖြစ်စေပြီး အချိန်ကာလများလည်း ကြာညောင်းနေမှာဖြစ်ကြောင်း။

ထို့ကြောင့် နိဂုံးချုပ်အားဖြင့် နိုင်ငံတော်နှင့် ပြည်သူများအတွက် ရင်းနှီးထူထောင်ထားသည့် ယခုကဲ့သို့ တံတားကြီးများ၊ စက်ရုံအလုပ်ရုံများ၊ ဆည်မြောင်းတာတမံများ၊ တက္ကသိုလ်၊ ကောလိပ်များ၊ အခြေခံပညာကျောင်းများ၊ ဆေးရုံများ စသည့် အခြေခံကောင်းများကို ထိထိရောက်ရောက် အကျိုးရှိရှိ အသုံးပြုကြရန်၊ ရေရှည်တည်တံ့ခိုင်မြဲအောင် စောင့်ရှောက်ထိန်းသိမ်းကြရန်၊ တပ်မတော်နှင့်ပူးပေါင်းကာ အဖျက်သမားများရန်မှ ဝိုင်းဝန်းကာကွယ် စောင့်ရှောက်တွန်းလှန်ကြရန်အတွက် တိုင်းရင်းသားအားလုံးသည် ပြည်ထောင်စုစိတ်ဓာတ်ဆိုသည့် နိုင်ငံချစ်သည့်စိတ်နှင့် စည်းလုံးညီညွတ်မှုကို ပိုမိုခိုင်မာအောင် ကြိုးပမ်းထူထောင်ကြပါစို့ဟု တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်က အမှာစကားပြောကြားရာ၌ ယနေ့ မြန်မာနှစ်သစ်ရက်မြတ်တွင် မြန်မာနိုင်ငံ၌ အရှည်ဆုံး၊



ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ခေတ်အမီဆုံးဖြစ်သည့် သံလွင်မြစ်ကူးတံတား
တံတားကြီးနှင့်အတူ ခေတ်မီ မော်လမြိုင်
တည်ဆောက်ပြီးစီးပြီး ဖွင့်လှစ်နိုင်ခဲ့သည့်အ
အနေဖြင့် ဂုဏ်ယူဝင့်ကြွားစရာ နေ့တစ်နေ့
တည်ရှိရာ မွန်ပြည်နယ်နှင့် ဒေသခံပြည်သူများ
နေ့တစ်နေ့ဖြစ်သည်ဟု ပြောကြားလိုကြေ
ယင်းသံလွင်တံတား(မော်လမြိုင်)သည် မြန်
ဖြစ်ပြီး မော်တော်ကားလမ်းအနေဖြင့် နှစ်မို
လေးမိုင်ကျော် ရှည်လျားပြီး လူသွားလမ်းပါ
တံတားကြီးဖြစ်သည့်အတွက်ကြောင့်ပင်ဖြစ်
နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအတွက် အ
တစ်စင်းလည်းဖြစ်ကြောင်း။

သံလွင်မြစ်ကူးတံတား (မော်လမြိုင်)
ကားချဉ်းကပ်လမ်းကြီးကို ၂၀၀၅ ခုနှစ် ဖေ
မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသေ
ဖွင့်လှစ်ကျင်းပခဲ့ရာ နိုင်ငံတော်အကြီးအကဲ ဗို
တက်ရောက်ပြီး ပြည်သူလူထုအား နှုတ်ခွန်း
ခဲ့ကြောင်း။

လမ်းညွှန်မိန့်ကြ

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး
မွန်ပြည်နယ်အပေါ်ထားရှိသည့် စေတနာ၊
ဂုဏ်ပြုပြောကြားလိုကြောင်း၊ နိုင်ငံတော်အ
အနေနဲ့ ဒီဒေသအတွက်၊ တိုင်းပြည်အတွက
ဤတံတားကြီး တည်ဆောက်ပေးချင်သည်မှ
သို့ရာတွင် အခက်အခဲများရှိနေသည့်အတွ
မဖော်နိုင်ခဲ့ကြောင်း၊ အထူးသဖြင့် ငွေရေး
ပညာအခက်အခဲတို့ကြောင့် အချိန်အခါကို
အခါ တိုင်းပြည်ရဲ့စီးပွားရေးဟာ အတိုင်းအ
သကဲ့သို့ အတတ်ပညာပိုင်းအနေနဲ့လည်း
ကြောင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသ
တိုးတက်မြင့်မားရေး၊ စိတ်ချမ်းသာစွာ သွားနိ
အစိုးရဟာ ဤတံတားကြီးကို တည်ဆောက်
မိန့်ကြားခဲ့ကြောင်း၊ ဤကဲ့သို့ နိုင်ငံတော်အ
မွန်ပြည်နယ်အပေါ်ထားရှိသည့် စေတနာသ
လူထုတစ်ရပ်လုံးအနေဖြင့် များစွာ နှစ်ထောင်း
ပါကြောင်း မွန်ပြည်နယ်လူထုကိုယ်စား

ယင်းလမ်းညွှန်မှုများနှင့်အညီ သံလွ
တည်ဆောက်ရန် ကျန်ရှိနေသေးသည့် မီးရထ
ဘူတာရုံကြီးကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊
မြန်မာအင်ဂျင်နီယာများ၊ ကာယ၊ ဉာဏ
လုံ့လဝီရိယအားထုတ်မှုနှင့် ပင်ပင်ပန်းပန်း၊
များကြောင့် အောင်မြင်စွာ တည်ဆောက်နို
တစ်မျိုးသားလုံးအနေဖြင့် အမျိုးသားရေးအရ
ရမည့် တံတားကြီးဖြစ်သကဲ့သို့ မွန်ပြ
လမ်းတံတားမှတ်တိုင်သစ်တစ်ရပ်ကိုပါ စိုက်ထူ
လိုကြောင်း။

အပြီးတိုင်ဖွင့်လှ

ယင်းတံတားကြီး မတည်ဆောက်နိုင်ခင
ပြည်သူများသည် ဤသံလွင်မြစ်ကြီးကို ရောက်

ခ်ကောင်းနှင့် ပတ်ဝန်းကျင် အခြေအနေ
း်များကို တည်ဆောက် ထူထောင်ရာတွင်
ဘာ်အစိုးရ တစ်ခုတည်းက တာဝန်ယူ တည်
က်ထူထောင်၍ မရနိုင်၊
ဘာ်နှင့် ပြည်သူအများ တက်ညီလက်ညီ
ည်မှုရှိရှိ ပူးပေါင်း အကောင်အထည်ဖော်
ာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်
န်းဆီသို့ ရောက်မှာဖြစ်။

သ်ဒ်ကောင်းများကို မလျှော့ပါးစေဘဲ
့ နိုင်ငံသားတိုင်း၏ တာဝန်ပင်ဖြစ်

သ အကျိုး
တက်မှုကို
အောင်ဖော်
မြတ်သော
း မိမိတို့၏
ား ဆောင်
လူပုဂ္ဂိုလ်
ျိုးစီးပွားကို
စ်မှန်သည့်
ခွန်းလာမှာ

်မြောက်မှု၊
ရှိနေမည်
ကူးပြောင်း
း အနှောင့်
ဘ်ညောင်း

င့် ပြည်သူ
ယခုကဲ့သို့
င်းတာတမံ
ဘကျောင်း
းကို ထိထိ
ရေရှည်
မ်းကြရန်၊
းများရန်မှ
န်အတွက်
စိတ်ဓာတ်
ညွှတ်မှုကို
တိုက်တွန်း

ာရေးနှင့်
စ်ဌာနချုပ်
ာ၌ ယနေ့
အရှည်ဆုံး၊

ဝန်ကြီး
င်းစဉ်)

ခေတ်အမီဆုံးဖြစ်သည့် သံလွင်မြစ်ကူးတံတား (မော်လမြိုင်) မီးရထားချဉ်းကပ်တံတားကြီးနှင့်အတူ ခေတ်မီ မော်လမြိုင်ဘူတာရုံကြီးကို အောင်မြင်စွာ တည်ဆောက်ပြီးစီးပြီး ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် မြန်မာတစ်မျိုးသားလုံး အနေဖြင့် ဂုဏ်ယူဝင့်ကြွားစရာ နေ့တစ်နေ့ဖြစ်သကဲ့သို့ တံတားကြီးမွေးဖွားတည်ရှိရာ မွန်ပြည်နယ်နှင့် ဒေသခံပြည်သူများအတွက်ပါ ဂုဏ်ယူဝင့်ကြွားစရာ နေ့တစ်နေ့ဖြစ်သည်ဟု ပြောကြားလိုကြောင်း၊ အဘယ့်ကြောင့်ဆိုသော် ယင်းသံလွင်တံတား(မော်လမြိုင်)သည် မြန်မာနိုင်ငံတွင် အရှည်ဆုံးတံတားဖြစ်ပြီး မော်တော်ကားလမ်းအနေဖြင့် နှစ်မိုင်ကျော်၊ ရထားလမ်းအနေဖြင့် လေးမိုင်ကျော် ရှည်လျားပြီး လူသွားလမ်းပါ ထည့်သွင်းတည်ဆောက်ထားသည့် တံတားကြီးဖြစ်သည့်အတွက်ကြောင့်ပင်ဖြစ်ကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအတွက် အထူးအရေးပါသည့် တံတားကြီးတစ်စင်းလည်းဖြစ်ကြောင်း။

သံလွင်မြစ်ကူးတံတား (မော်လမြိုင်) ပင်မတံတားကြီးနှင့် မော်တော်ကားချဉ်းကပ်လမ်းကြီးကို ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခမ်းနားကြီးကျယ်စွာ ဖွင့်လှစ်ကျင်းပခဲ့ရာ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် တက်ရောက်ပြီး ပြည်သူလူထုအား နှုတ်ခွန်းဆက်ဂုဏ်ပြုအမှာစကား ချီးမြှင့်ခဲ့ကြောင်း။

လမ်းညွှန်မိန့်ကြားခဲ့

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် နိုင်ငံတော်အစိုးရ၏ မွန်ပြည်နယ်အပေါ်ထားရှိသည့် စေတနာ၊ သဘောထားကို အလေးအနက် ဂုဏ်ပြုပြောကြားလိုကြောင်း၊ နိုင်ငံတော်အကြီးအကဲက **"နိုင်ငံတော်အစိုးရအနေနဲ့ ဒီဒေသအတွက်၊ တိုင်းပြည်အတွက် မင်္ဂလာရှိပြီး အကျိုးပြုသည့် ဤတံတားကြီး တည်ဆောက်ပေးချင်သည်မှာ နှစ်ကာလကြာပြီဖြစ်ကြောင်း၊ သို့ရာတွင် အခက်အခဲများရှိနေသည့်အတွက် ချက်ချင်းအကောင်အထည် မဖော်နိုင်ခဲ့ကြောင်း၊ အထူးသဖြင့် ငွေရေးကြေးရေးအခက်အခဲနှင့် အတတ်ပညာအခက်အခဲတို့ကြောင့် အချိန်အခါကို စောင့်ဆိုင်းနေခဲ့ရကြောင်း၊ ယခုအခါ တိုင်းပြည်ရဲ့စီးပွားရေးဟာ အတိုင်းအတာတစ်ခုအထိ တိုးတက်လာသကဲ့သို့ အတတ်ပညာပိုင်းအနေနဲ့လည်း တိုးတက်လာပြီးဖြစ်တဲ့အတွက်ကြောင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများ၏ လူမှုရေးဘဝ တိုးတက်မြင့်မားရေး၊ စိတ်ချမ်းသာစွာ သွားနိုင်၊ စားနိုင်ရေးအတွက် နိုင်ငံတော်အစိုးရဟာ ဤတံတားကြီးကို တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း"** လမ်းညွှန်မိန့်ကြားခဲ့ကြောင်း၊ ဤကဲ့သို့ နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတော်အစိုးရ၏ မွန်ပြည်နယ်အပေါ်ထားရှိသည့် စေတနာသဘောထားများကြောင့် မွန်ပြည်နယ်လူထုတစ်ရပ်လုံးအနေဖြင့် များစွာ နှစ်ထောင်းအားရပြီး အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မွန်ပြည်နယ်လူထုကိုယ်စား ပြောကြားလိုကြောင်း။

ယင်းလမ်းညွှန်မှုများနှင့်အညီ သံလွင်တံတား(မော်လမြိုင်)အတွက် တည်ဆောက်ရန် ကျန်ရှိနေသေးသည့် မီးရထားတံတားနှင့် ခေတ်မီမော်လမြိုင်ဘူတာရုံကြီးကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ မြန်မာအင်ဂျင်နီယာများ၊ ကာယ၊ ဉာဏဝန်ထမ်းများသည် ပြင်းပြသော လုံ့လဝီရိယအားထုတ်မှုနှင့် ပင်ပင်ပန်းပန်း၊ ခက်ခက်ခဲခဲ ကြိုးစားအားထုတ်မှုများကြောင့် အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် တစ်မျိုးသားလုံးအနေဖြင့် အမျိုးသားရေးအရ လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝင့်ကြွားရမည့် တံတားကြီးဖြစ်သကဲ့သို့ မွန်ပြည်နယ်နှင့်တကွ ပြည်ထောင်စုလမ်းတံတားမှတ်တိုင်သစ်တစ်ရပ်ကိုပါ စိုက်ထူနိုင်ခဲ့ပါကြောင်း ဂုဏ်ပြုပြောကြားလိုကြောင်း။

အပြီးတိုင်ဖွင့်လှစ်နိုင်

ယင်းတံတားကြီး မတည်ဆောက်နိုင်ခင်အချိန်ကာလကဆိုလျှင် ခရီးသွားပြည်သူများသည် ဤသံလွင်မြစ်ကြီးကို ရောက်ပြီဆိုသည်နှင့် ဇက်ရေယာဉ်များ၊ ကူးတို့ရေယာဉ်များဖြင့် ပြောင်းပြီးကူးကြရကြောင်း၊ ထို့ကြောင့် လူပင်ပန်းစိတ်ပင်ပန်းကာ အခက်အခဲမျိုးစုံဖြင့် ကြုံတွေ့ခဲ့ရကြောင်း၊ ယခုအခါ တံတားကြီးကို အပြီးတိုင် ဖွင့်လှစ်နိုင်ပြီးဖြစ်သည့်အတွက် ဤအခက်အခဲများသည် အတိတ်တွင်ပင် ကျန်ရစ်ခဲ့ပြီဖြစ်ကြောင်း။

ယခုဖွင့်လှစ်လိုက်သည့် သံလွင်တံတား(မော်လမြိုင်) ရထားတံတားကြီးကြောင့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းတို့သည် တစ်ဆက်တစ်စပ်တည်းဖြစ်လာသည့်အပြင် တစ်နိုင်ငံလုံး ဖောက်လုပ်ထားသော မော်တော်ကားလမ်း၊ ရထားလမ်း စသည့် ပြည်ထောင်စုလမ်းမကြီးများကနေတစ်ဆင့် အချိန်မရွေး၊ ရာသီမရွေး လွယ်လွယ်ကူကူဖြင့် ဆက်သွယ်နိုင်မည်ဖြစ်ကြောင်း၊ အထူးသဖြင့် မြန်မာပြည်မြောက်ဖျားတွင်ရှိသည့် ပူတာအိုမြို့ကနေ မော်တော်ယာဉ်ဖြင့် ပြည်ထောင်စုလမ်းမကြီးကနေတစ်ဆင့် မြန်မာနိုင်ငံတောင်ဘက်အစွန်းတွင်ရှိသော ကော့သောင်းမြို့အထိ တိုက်ရိုက်ခရီးသွားနိုင်သကဲ့သို့ ယနေ့ဖွင့်လှစ်လိုက်သည့် သံလွင်တံတား (မော်လမြိုင်) ရထားတံတားကြောင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ကနေပြီး တနင်္သာရီတိုင်း ထားဝယ်မြို့အထိ မီးရထားဖြင့် တောက်လျှောက် ခရီးသွားနိုင်တော့မည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်းလုံးတွင် ပြည်ထောင်စုကြီး၏ အရှေ့ဖျားကနေ အနောက်ဖျား၊ မြောက်ဖျားကနေ တောင်ဖျား၊ ဒေါင်လိုက်ဖြစ်စေ၊ အလျားလိုက်ဖြစ်စေ သွားရေးလာရေးလွယ်ကူအောင် အပင်ပန်းခံပြီး လမ်းတံတားများကို တိုးချဲ့ဖွင့်လှစ်တည်ဆောက်နေသကဲ့သို့ မွန်ပြည်နယ်အနေဖြင့်လည်း ဒေသတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်စည်ကူးသန်းရောင်းဝယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရေးပါသည့် လမ်းများကို ပိုမိုကောင်းမွန်အောင် အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး လမ်းသစ်များကိုလည်း ဖောက်လုပ်ခဲ့ကြောင်း၊ ယင်းကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် မွန်ပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေးကဏ္ဍသည် ၁၉၈၈ ခုနှစ်တွင် လမ်းမိုင် ၉၈၈ မိုင်ရှိရာမှ ယခုအခါတွင် ပြည်ထောင်စုလမ်းမကြီး ၃၁၈ မိုင်၊ လေးဖာလုံ အပါအဝင် ၂၆၁၅မိုင် ရှိလာကြောင်း၊ ရထားလမ်းအနေဖြင့်လည်း ၂၇၆ မိုင်ကနေပြီး ၂၉၃မိုင်အထိ တိုးတက်ဖောက်လုပ်နိုင်ခဲ့ကြောင်း။

စစ်တောင်း(မုပ္ပလင်)တံတား

တံတားတည်ဆောက်ရေးလုပ်ငန်းတွင်လည်း မွန်ပြည်နယ် ပတ်ဝန်းကျင်တစ်လျှောက်တွင် အတ္တရံတံတား၊ ဂျိုင်း(ဇာသပြင်)တံတား၊ ရေးမြစ်ကူးတံတား၊ ဒုံသမိတံတားများကို တစ်စင်းပြီးတစ်စင်း တည်ဆောက်ခဲ့ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မွန်၊ ကရင်၊ တနင်္သာရီဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းပြီး စစ်တောင်းတံတားဟောင်းအနီး၌ မော်တော်ကားတံတားဖြစ်သည့် စစ်တောင်း(မုပ္ပလင်)တံတားကို စတင်တည်ဆောက်နေပြီဖြစ်ကြောင်း။

ထို့အပြင် တနင်္သာရီတိုင်းကို မော်တော်ကားနှင့်သာမက မီးရထားဖြင့် ဆက်သွယ်သွားလာနိုင်ရေးအတွက် ရေး-ထားဝယ် ရထားလမ်းကို ၁၉၉၄ခုနှစ်မှစပြီး စတင် ဖောက်လုပ်ခဲ့ရာ ၁၉၉၅ခုနှစ် မေ ၃၀ရက်တွင် ထားဝယ်-ရေဖြူ ရထားလမ်းပိုင်း၊ ၁၉၉၆ခုနှစ် စက်တင်ဘာ ၂၄ရက်တွင် ရေး-ကိုးမိုင်ရထားလမ်းပိုင်း၊ ၁၉၉၈ ခုနှစ် မတ် ၂၆ရက်တွင် ၁၀၁ဒသမ ၃၆မိုင် ရှည်လျားသည့် ရေး-ထားဝယ် မီးရထားလမ်းသစ်ကြီးကို တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ကြောင်း။

ရေး-ထားဝယ် မီးရထားလမ်းပိုင်း၌ဆိုလျှင် ရေးမြို့တွင် ရေးမြစ် ကာဆီးထားမှုကြောင့် ရပ်တန့်နေသည့် ရထားလမ်းအတွက် အရှည်ပေ ၈၅၀ ရှိသည့် ကားရောရထားပါ သွားလာနိုင်သော ရေးမြစ်ကူးတံတားကြီးကို ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၂၅ ရက်နေ့တွင်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✻

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များ၊ အင်ဂျင်နီယာများနှင့်အတူ စုပေါင်း၍ မော်လမြိုင်ဘူတာနှင့် သံလွင်တံတား(မော်လမြိုင်) ရထားတံတား ဖွင့်ပွဲအထိမ်းအမှတ် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။
(သတင်းစဉ်)

မြစ်ကြီးနားမှ ထားဝယ်အထိ မီးရထားဖြင့် တောက်လျှောက် ခရီးသွားနိုင်တော့မည်

မြန်မာပြည် မြောက်ဖျားတွင်ရှိသည့် ပူတာအိုမြို့ကနေ မော်တော်ယာဉ်ဖြင့် ပြည်ထောင်စုလမ်းမကြီးကနေတစ်ဆင့် မြန်မာနိုင်ငံတောင်ဘက်အစွန်းတွင်ရှိသော ကော့သောင်းမြို့အထိ တိုက်ရိုက်ခရီးသွားနိုင်သကဲ့သို့ ယနေ့ဖွင့်လှစ်လိုက်သည့် သံလွင်တံတား(မော်လမြိုင်) ရထားတံတားကြောင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ကနေပြီး တနင်္သာရီတိုင်း ထားဝယ်မြို့အထိ မီးရထားဖြင့် တောက်လျှောက် ခရီးသွားနိုင်တော့မည်။

မြန်မာ့မီးရထားသည် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီ ရုပ်ပိုင်းဆိုင်ရာတိုးတက်ကောင်းမွန်ရေးသာမက ခရီးသွားပြည်သူများ ရထားဖြင့် စိတ်ချမ်းမြေ့အဆင်ပြေစွာသွားလာနိုင်ရေးအတွက်ပါ ကြိုးပမ်းဆောင်ရွက်လျက်ရှိ

✻ စာမျက်နှာ ၉ မှ

ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်သည့်အတွက် ၁၀၂ ဒသမ ၃၈ မိုင်ရှည်သည့် မွန်-တနင်္သာရီ သွေးချင်းချစ်ကြည်ပြည်ထောင်စုရထားလမ်းသစ်ကြီး ပေါ်ထွန်းလာခဲ့သည်ဟု ပြောကြားလိုကြောင်း။

တစ်ပြေးညီတိုးတက်ရေး

ထို့အပြင် မွန်ပြည်နယ် ၁၀မြို့နယ်အတွင်းတွင်ရှိသည့်ကျေးရွာ ၁၂၁၅ရွာ အနေဖြင့် အကြားအလပ်မရှိ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာချင်းဆက်လမ်းများ၊ ကျေးရွာနှင့် မြို့ပြဆက်သွယ်သည့်လမ်းများ၊ ပြည်ထောင်စုလမ်းမကြီးနှင့်ဆက်သွယ်သည့် လမ်းများကိုလည်း ဖောက်လုပ်နိုင်ခဲ့ပြီးဖြစ်ကြောင်း။

ထို့ကြောင့် ယခုအချိန်တွင် မွန်ပြည်နယ်၏ လမ်းပန်းဆက်သွယ်မှုများသည် တစ်နေ့တခြား အရှိန်အဟုန်ဖြင့် တိုးတက်ကောင်းမွန်လာသည့်အတွက် ကုန်စည်စီးဆင်းမှု၊ ရောင်းဝယ်ဖောက် ကားမှုများသည်လည်း အရှိန်အဟုန်ဖြင့် တိုးတက်အောင်မြင် ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း ပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ နိုင်ငံတော်အစိုးရအနေဖြင့် မွန်ပြည်နယ်ဖွံ့ဖြိုးတိုးတက်အောင် ယခုကဲ့သို့သံလွင်မြစ်ကူးတံတား(မော်လမြိုင်) ရထားတံတားကြီးနှင့် ခေတ်မီ မော်လမြိုင်ဘူတာရုံကြီးတို့ကို တည်ဆောက်ပေးခဲ့သည့်အတွက် ဒေသခံတိုင်းရင်းသားများအနေဖြင့် လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်ပြီး စီးပွားရေး၊ပညာရေး၊ကျန်းမာရေးဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် နိုင်ငံတော်အစိုးရအား မွန်ပြည်နယ်ဒေသခံပြည်သူလူထုကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် ဒေသခံပြည်သူလူထုအနေဖြင့်လည်း နိုင်ငံတော်၏ကျေးဇူးကိုဆပ်သည့်အနေဖြင့် တံတားကြီးရေရှည် တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရင်း ခေတ်မီနိုင်ငံတော်ကြီးအဖြစ် ရောက်အောင် လက်တွဲပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်းက မော်လမြိုင် ဘူတာနှင့်သံလွင်တံတား(မော်လမြိုင်) ရထားတံတားတည်ဆောက်ရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်စေရေး၊ အမျိုးသား စီးပွားရေးဘဝတိုးတက်ခိုင်မာတောင့်တင်းစေရေး၊ မိမိနိုင်ငံသူ၊နိုင်ငံသားတိုင်းရင်းသား ပြည်သူများ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားလာစေရေး ရည်မှန်းချက်များနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို ဘက်စုံ၊ ကဏ္ဍစုံက အရှိန်အဟုန်ဖြင့် အားသွန်ကြိုးပမ်း တည်ဆောက်လျက်ရှိရာတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့လာစေရန်အတွက် တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **“တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှုသည် အဓိကကျကြောင်း၊ လွယ်လင့်တကူ ဆက်သွယ်သွားလာနိုင်မှသာ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း”၊“ပြည်ထောင်စုကြီး တိုးတက်လာစေရန်၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုရှိလာစေရန်၊ ရေမြေခြားနေသည့် ဒေသအားလုံးတစ်စပ်တည်းရှိလာစေရန် လမ်းတံတားစီမံကိန်းများကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း”** လမ်းညွှန်ခဲ့ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများကို ကြည့်ခြင်းအားဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင်လမ်းပန်းဆက်သွယ်ရေးသည် အလွန်အရေးပါသည်ဆိုခြင်းကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

ယှဉ်တွဲဖောက်လုပ်ထား

ယနေ့ဖွင့်လှစ်မည့် သံလွင်တံတား(မော်လမြိုင်)ရထားတံတားသည် မြန်မာနိုင်ငံ၌ အရှည်ဆုံးရထားလမ်းတံတားဖြစ်ပြီး ပင်မတံတားကြီးပေါ်တွင် ကားလမ်းနှင့်အပြိုင် ရထားလမ်းအား ယှဉ်တွဲဖောက်လုပ်ထားခြင်းဖြစ်ပါကြောင်း၊ ယခင်က ရထားလမ်းအနေဖြင့် မော်လမြိုင်ဘက်ခြမ်းတွင် မော်လမြိုင်မှ ထားဝယ်အထိ လည်းကောင်း၊ မုတ္တမဘက်ခြမ်းတွင် မုတ္တမမှရန်ကုန်အထိလည်းကောင်း သွားလာနိုင်ပြီး မော်လမြိုင်နှင့် မုတ္တမမှာ သံလွင်မြစ်ကြီးကြောင့် ဟိုဘက် ဒီဘက် သီးခြားစီ မဆက်စပ်နိုင်ဘဲ တည်ရှိနေခဲ့ခြင်းဖြစ်ပါကြောင်း၊ သို့ရာတွင် သံလွင်တံတား(မော်လမြိုင်)ရထားတံတားကို ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည့်အတွက် မော်လမြိုင်နှင့် မုတ္တမ ဆက်စပ်သွားပြီဖြစ်သကဲ့သို့ မြန်မာနိုင်ငံ တောင်ဘက်ခြမ်း ထားဝယ်မှသည် မြန်မာနိုင်ငံ မြောက်ဘက်ခြမ်း မြစ်ကြီးနားအထိ ရထားလမ်းဖြင့် ဆက်သွယ်သွားလာနိုင်တော့မည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုနှင့်အညီ မော်လမြိုင်ဘူတာသစ်ကြီးနှင့် သံလွင်တံတား (မော်လမြိုင်)ရထားတံတားကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား အင်ဂျင်နီယာများနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာများက ၂၀၀၃ ခုနှစ် ဧပြီလ၂၇ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၆ ခုနှစ် ဧပြီလ ၁၇ရက်တွင် ပြီးစီးခဲ့သည့်အတွက် တည်ဆောက်ချိန်ကာလ သုံးနှစ်ကြာမြင့်ခဲ့ပါကြောင်း။

အောင်မြင်စွာဖွင့်လှစ်နိုင်

သံလွင်တံတား(မော်လမြိုင်)ရထားတံတား၏ ပင်မတံတားအရှည်မှာ ၁ဒသမ၄၆မိုင်ရှိပြီး၊ မုတ္တမဘက်ခြမ်းတွင် မြေသားချဉ်းကပ်လမ်း ၁ဒသမ၃၀မိုင်နှင့် တံတားချဉ်းကပ်လမ်း ၁ဒသမ၄၂ မိုင်၊ စုစုပေါင်း (မြေသား+တံတား)ချဉ်းကပ်လမ်း ၂ဒသမ၇၂မိုင်၊ မော်လမြိုင်ဘက်ခြမ်းတွင် မြေသားချဉ်းကပ်လမ်း ဝဒသမ၈၁မိုင်နှင့် တံတားချဉ်းကပ်လမ်း ၁ဒသမ ၂၂ မိုင်၊ စုစုပေါင်း (မြေသား+တံတား)ချဉ်းကပ်လမ်း ၂ဒသမဝ၃မိုင်ရှိပါကြောင်း၊ မြေသားချဉ်းကပ်လမ်း ဖောက်လုပ်ခြင်း၊ သံလမ်းခင်းခြင်းနှင့် မော်လမြိုင်ဘူတာသစ် ဆောက်လုပ်ခြင်းလုပ်ငန်းတို့ကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ အင်ဂျင်နီယာများက တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ပင်မတံတားကြီးနှင့် အဆိုပါပင်မတံတားကြီးသို့ ချဉ်းကပ်သည့် ချဉ်းကပ်တံတားများအား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာများက တည်ဆောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင် **“ကိုယ့်ခွန်ကိုယ့်အားအပေါ် အခြေခံပြီး ကိုယ့်အားကိုယ်ကိုးစိတ်ဓာတ်ဖြင့် ရနိုင်သမျှ အရင်းအနှီး၊ ရနိုင်သမျှ စွမ်းအင်များကို စုစည်းပြီး တည်ဆောက်သွားရမှာဖြစ်ကြောင်း”** လမ်းညွှန်မိန့်မှာခဲ့ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ မိန့်မှာမှုများကို နာယူပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ အင်ဂျင်နီယာများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာများ၏ ကိုယ့်ခွန်ကိုယ့်အားဖြင့် စုပေါင်းဆောင်ရွက်မှု၏ အကျိုးရလဒ်အဖြစ်ယနေ့မော်လမြိုင်ဘူတာသစ်ကြီးနှင့် သံလွင်တံတား(မော်လမြိုင်)ရထားတံတားကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါကြောင်း။

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေတို့ သံလွင်တံတား(မော်လမြိုင်)ရထားတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

မြန်မာ့မီးရထားအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ရထားလမ်းများ တိုးတက်ကောင်းမွန်အောင် ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ လမ်းပန်းဆက်သွယ်မှုပိုမို ကောင်းမွန်စေရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာစေရန်အတွက် ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်ပေးခြင်း၊ လူစီးတွဲနှင့်ကုန်တွဲများကို ကုန်ကျစရိတ်သက်သာစွာဖြင့် ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး၊ စက်ခေါင်းများအပါအဝင် စက်နှင့်စက်အရန်ပစ္စည်းများကို ပြည်တွင်း၌ တိုးချဲ့ထုတ်လုပ်နိုင်ရေးစသည့် ရုပ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်ရေးသာမက ခရီးသွားပြည်သူများ ရထားဖြင့်စိတ်ချမ်းမြေ့အဆင်ပြေစွာသွားလာနိုင်ရေးအတွက်ပါ ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း။

ရထားလမ်းအနေဖြင့် ၁၉၈၈ မတိုင်မီက ရထားလမ်းအရှည် ၁၉၇၆ ဒသမ ၃၅မိုင်သာ ရှိခဲ့ရာက ယနေ့ဖွင့်လှစ်မည့် သံလွင်တံတား(မော်လမြိုင်) ရထားတံတား ရထားလမ်းအပါအဝင် တပ်မတော်အစိုးရလက်ထက်တွင် ရထားလမ်းအရှည် ၁၀၉၈ ဒသမ ၅၄ မိုင်ကို တိုးချဲ့ဖောက်လုပ်နိုင်ခဲ့သဖြင့် ယနေ့ ရထားလမ်းအရှည် စုစုပေါင်း ၃၀၇၄ ဒသမ ၈၉ မိုင်ကိုလည်းကောင်း၊ ၁၉၈၈ မတိုင်မီက ဘူတာရုံ ၄၈၇ ဘူတာသာရှိခဲ့ရာက တပ်မတော် အစိုးရလက်ထက်တွင် ဘူတာ၃၀၀ တိုးချဲ့တည်ဆောက်နိုင်ခဲ့သဖြင့် ယနေ့ဘူတာရုံစုစုပေါင်း ၇၈၇ဘူတာကို လည်းကောင်း၊ ၁၉၈၈မတိုင်မီက တံတားကြီး၊ငယ် စုစုပေါင်း ၅၆၅၀ စင်းရှိခဲ့ရာက တပ်မတော်အစိုးရလက်ထက်တွင် တံတားကြီး၊ငယ် ၃၇၃၀ စင်းကို ထပ်မံတည်ဆောက်နိုင်ခဲ့သဖြင့် ယနေ့အချိန်တွင် တံတားကြီး၊ငယ် စုစုပေါင်း ၉၃၈၀စင်းကိုလည်းကောင်း ဖောက်လုပ်တည်ဆောက်ပေးနိုင်ခဲ့ပြီ ဖြစ်ပါကြောင်း၊ ဆက်လက်၍ ချောင်းဦး-ပခုက္ကူ-ဂန့်ဂေါ- ကလေး ရထားလမ်းပေါ်ရှိ ရေမျက်နီ-ကျော့ဥမင်ဖြတ်ကျော်သည့်လမ်း ၂၆မိုင်ကိုလည်းကောင်း၊ ပဲခူး-ဟံသာဝတီလေဆိပ် ရထားလမ်းသစ် ၄ ဒသမ ၆၆မိုင်ကိုလည်းကောင်း၊ အုတ်ဖိုစု-သန်လျင် တက္ကသိုလ်ရထားလမ်းသစ် ၃ ဒသမ ၃၃မိုင်ကိုလည်းကောင်း၊ ကြီးနီ-ချောက် ရထား လမ်းသစ် ငါးမိုင်ကိုလည်းကောင်း၊ ပျဉ်းမနား-မြို့ဟောင်းဒွေးလမ်း (ကျည်တောင်ကန်-မြစ်ငယ် လမ်းပိုင်း) ၁၄၁ ဒသမ ၈မိုင်ကိုလည်းကောင်း၊ သာစည်-ကွမ်းခြံရိုးရထားလမ်းသစ် ၃ ဒသမ ၉၀မိုင်ကိုလည်းကောင်း၊ စစ်တောင်း(ဆတ်သွားကုန်း)-မြစ်ကျိုး-ဒိုက်ဦးရထားလမ်းသစ် ၂၄မိုင်ကို လည်းကောင်း ဆက်လက်ဖောက်လုပ်နေဆဲဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေက သံလွင်တံတား (မော်လမြိုင်) ရထားတံတားတည်ဆောက်ရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် ယခုကဲ့သို့ကြုံကြိုက်တုန်းတွင် ယင်းတံတားကြီး တည်ဆောက်ခဲ့ရသည့်အခြေအနေကို အားလုံးသိအောင် အနည်းငယ်တင်ပြ ပြောကြားလိုပါကြောင်း၊ သံလွင်တံတား(မော် လမြိုင်)ကို စတင်တည်ဆောက်ရန် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၁/၉၈)ဆုံးဖြတ်ချက်အရ သံလွင်မြစ်၊

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ☆

ယခင်က ရထားလမ်းအနေဖြင့် မော်လမြိုင်ဘက်ခြမ်းတွင် မော်လမြိုင်မှ ထားဝယ်အထိ လည်းကောင်း၊ မုတ္တမဘက်ခြမ်းတွင် မုတ္တမမှရန်ကုန်အထိလည်းကောင်း သွားလာ နိုင်ပြီး မော်လမြိုင်နှင့် မုတ္တမမှာ သံလွင်မြစ်ကြီးကြောင့် ဟိုဘက် ဒီဘက် သီးခြားစီ မဆက်စပ်နိုင်ဘဲ တည်ရှိနေ။

သံလွင် တံတား(မော်လမြိုင်) ရထားတံတားကို ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည့်အတွက် မော်လမြိုင်နှင့် မုတ္တမ ဆက်စပ်သွားပြီဖြစ်သကဲ့သို့ မြန်မာနိုင်ငံ တောင်ဘက်ခြမ်း ထားဝယ်မှသည် မြန်မာနိုင်ငံ မြောက်ဘက်ခြမ်း မြစ်ကြီးနားအထိ ရထားလမ်းဖြင့် ဆက်သွယ်သွားလာနိုင်တော့မည်။

☆ စာမျက်နှာ ၁၀ မှ

အတ္တရံမြစ်နှင့် ဂျိုင်းမြစ် ဆုံတွေ့ရာ၏ အောက်ဘက်တွင် သုံးနေရာလျာထားပြီး အကြို အင်ဂျင်နီယာလုပ်ငန်းများဆောင်ရွက်ခဲ့ရာ နံပါတ်(၂)နေရာဖြစ်သည့် မော်လမြိုင်ဘက်ကမ်းမှ မုတ္တမဘက်ကမ်းသို့ ခေါင်းဆေးကျွန်း၏ အောက်ဘက် ပေ ၃၀၀ခန့်အကွာ၌ တံတားဆောက်လုပ်ရန် ရွေးချယ်ခဲ့ပါကြောင်း၊ ရွေးချယ်ရသည့် အကြောင်းရင်းမှာ အခြားတံတားလျာထားအူကြောင်းနှစ်ခုထက်ပိုမိုတိုတောင်းပြီး ချဉ်းကပ်လမ်းကိုလည်း ပေရှည်နည်းနည်းဖြင့် ဆောင်ရွက်နိုင်သည့်အတွက် ဖြစ်ပါကြောင်း။

ရွေးချယ်ပြီးတံတားနေရာကို နိုင်ငံတော်အကြီးအကဲထံ တင်ပြအတည်ပြုချက်ရယူပြီးနောက် ၁၉၉၈ခုနှစ်တွင် စတင်မြေစမ်းသပ်ခဲ့ပါကြောင်း၊ ရေလယ်တိုင်များအတွက် မြေစမ်းတွင်း ၂၂တွင်းစမ်းသပ်ပြီး ချဉ်းကပ်တံတားအတွက် မြေစမ်းတွင်း စမ်းသပ်ခဲ့ရာ ၂၀၀၀ပြည့်နှစ်တွင် ပြီးစီးခဲ့ပြီး အသေးစိတ်တံတားပုံစံများကို ခြောက်လအတွင်းအပြီး ပုံထုတ်ခဲ့ပါကြောင်း။

ယင်းတံတား၏ ထူးခြားချက်မှာ တည်ဆောက်ပြီး အခြားကား/မီးရထား တံတားများနှင့်မတူဘဲ တံတားသံပေါင်အတွင်း၌ပင် ကားလမ်း ၂၈ပေ နှစ်လမ်းမောင်းနှင့် မီးရထားလမ်း ၁၆ပေကို ထည့်သွင်းတည်ဆောက်ထားခြင်းဖြစ်ပါကြောင်း၊ ယင်းတံတားကြီး၏ ကားလမ်းအပိုင်းချဉ်းကပ်တံတားနှင့် သံပေါင်တံတားကို စတင်ရန် ၂၀၀၀ ပြည့်နှစ် မတ်၁၈ရက်တွင် ပန္နက်တင်အခမ်းအနားဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း။

ပင်မတံတား သံပေါင်အရှည် ၇၆၉၉ ပေရှိပြီး မော်လမြိုင်ဘက်ကမ်း ချဉ်းကပ်တံတားက ၁၆၂၄ပေနှင့် မုတ္တမဘက်ကမ်းချဉ်းကပ်တံတားက ၂၂၅၂ပေ စုစုပေါင်း ကားလမ်းတံတား၏ အရှည်မှာ ၁၁၅၇၅ပေရှိသည့်အတွက် မြန်မာပြည်တွင် တည်ဆောက်ပြီး တံတားများအနက် အရှည်ဆုံးတံတားဖြစ်သကဲ့သို့ ရေလယ်တိုင်များ၏ အောက်ခြေအုတ်မြစ်လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း ဘိုးပိုင် ၂၈လုံးတွဲ လေးထောင့်ပုံ ဘိုးပိုင်ချင်းဆက်ခွေအတွင်းသို့ ကွန်ကရစ်အပြည့် ဖြည့်သွင်းသည့်အုတ်မြစ်စနစ်ဖြစ်သော Virtual Caisson Type Foundation နည်းကို မြန်မာပြည်၌ ပထမဆုံး စတင်အသုံးပြုခဲ့ပါကြောင်း။

ယင်းတံတား၏ ထူးခြားပြီးခက်ခဲသည့် လုပ်ငန်းမှာ ရေလယ်တိုင်များ၏ အောက်ခြေ အုတ်မြစ်လုပ်ငန်းများဆောင်ရွက်ရာတွင် ရေအနက် ပေ ၁၀၀၊ မြစ်ရေစီးနှုန်းက တစ်စက္ကန့်လျှင် ၁၆ပေကျော်နှုန်း (တစ်နာရီလျှင် ၁၁မိုင်နှုန်း) စီးဆင်းမှုရှိပြီး ကျောက်လွှာထဲကို ပေ ၄၀ အနက်အထိဝင်အောင်ဖောက်ပြီး ဆောင်ရွက်ရသည့်လုပ်ငန်းဖြစ်၍ တိုင်တစ်တိုင်ကို ဘိုးပိုင် ၂၈ လုံးတွဲ Virtual Caisson Type Foundation နည်းစနစ်ကို သုံးစွဲထားခြင်းဖြစ်ပါကြောင်း။

ရေလယ်တိုင် ၂၂တိုင်ရှိသည့်အနက် ၁၁တိုင်၌ ရိုးရိုးဘိုးပိုင်တူးစနစ်ကိုသုံးပြီး ကျန်ရေနက်သည့် ၁၁တိုင်ကို ယခင်ကပြောခဲ့သည့် Virtual Caisson Type Foundationနည်းစနစ်ကို သုံးစွဲခဲ့ရကြောင်း၊ စုစုပေါင်း ရိုးရိုးဘိုးပိုင် ၁၁တိုင်အတွက် ဘိုးပိုင်အလုံးပေါင်း ၁၆၀နှင့် Caissonဘိုးပိုင် ၁၁တိုင်အတွက် ဘိုးပိုင်အလုံးပေါင်း ၃၀၈လုံး စုစုပေါင်း ၄၆၈လုံးဆောင်ရွက်ရာတွင် အချိန်နှစ်နှစ်ခွဲကြာမြင့်ခဲ့ပါကြောင်း။

ပင်မတံတားကြီး၏ သံပေါင်အရှည် ၇၆၉၉ ပေကို တပ်ဆင်ခဲ့ရာတွင် ၂၀၀၃ မတ် ၃၀ရက်ကစပြီး နှစ်ဖက်စလုံးမှ တစ်ပြိုင်တည်းပေါင်းကူး တပ်ဆင်နည်းကို အသုံးပြုခဲ့၍ ၃၆၁ရက်ကြာ ၂၀၀၄ ခုနှစ် မတ် ၂၆ရက်တွင် ပြီးစီးခဲ့ပါကြောင်း၊ ကားလမ်းအချောသပ် လုပ်ငန်းများကို ၂၀၀၄ နိုဝင်ဘာ ၂၄ရက်တွင် ပြီးစီးခဲ့ပြီး ၅-၂-၂၀၀၅ရက်တွင် ပေ ၁၈၀နှင့်အထက် တံတားကြီးများအနက် ၁၇၉စင်းမြောက်အဖြစ် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

ယနေ့ဖွင့်လှစ်သည့် မီးရထားတံတား ချဉ်းကပ်တံတားအပိုင်းကို တင်ပြရမည်ဆိုလျှင် မော်လမြိုင်ဘက်ကမ်းတွင် ၁၉-၁-၂၀၀၃ ရက်က စတင်ဆောင်ရွက်ပါကြောင်း၊ခန်းဖွင့်အနေဖြင့် ၃၅ပေတစ်ခန်း၊ ပေ၅၀ တစ်ခန်း၊ ပေ၆၀ ခြောက်ခန်း၊ ၇၅ပေတစ်ခန်း၊ ၈၅ပေ-၆၉ခန်း၊ ၉၅ပေတစ်ခန်း၊ ပေါင်း ၇၉ခန်းရှိပါကြောင်း။

နေ့ရောညပါဆောင်ရွက်ခဲ့ရ

ကားလမ်းတံတားနှင့်တွဲလျက် တံတားတိုင်အပါအဝင် ချဉ်းကပ်တံတား တိုင်ပေါင်း ၇၉တိုင်ကို တစ်မီတာခွဲအချင်းရှိပြီး မြေဝင်ပျမ်းမျှ မီတာ ၂၀ အနက်ရှိသည့်ဘိုးပိုင် ၂၈၀ကို တူးဖော်ဆောင်ရွက်ခဲ့ပြီး အရှည်က ၆၄၈၁ပေရှိပါကြောင်း၊ တံတားခန်းဖွင့်များတွင် ၃၅ပေရှည်သော သံကူကွန်ကရစ်ရက်မ လေးချောင်းနှင့် ပေ ၅၀ မှ ၉၅ပေရှည်သည့် Pre.tensionနှင့် Post.tension ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မ ၃၀၇ချောင်း ပေါင်း ၃၁၁ချောင်းပြုလုပ်အသုံးပြုခဲ့ရပါကြောင်း၊ မော်လမြိုင်ဘက်ကမ်းတွင် တောင်ရိုးတန်းနှင့် ခေါင်းဆေးကျွန်းကြားတွင် ဘိုးပိုင်တူးရသည်မှာ လိပ်သဲကျောက်လွှာရှိနေ၍ ရိုးရိုးမြေတွင် တူးသကဲ့သို့ မလွယ်ဘဲ ကျောက်လွှာများကို တွင်းပုံစံမပျက်အောင် ပထမအဆင့် Core Barrel ဖြင့် ဖြတ်လှီးရပါကြောင်း၊ ပြီးတော့မှ ကျောက်များကြေသွားအောင် Jumper ဖြင့် ထုချေရပါကြောင်း၊ ကြေသွားသည့် ကျောက်လွှာများကိုမှ Carbite bit ခေါ် ကျောက်ဖောက်သွားများ တပ်ဆင်ထားသော လွန်သွားဖြင့် ပထမတူးဖွရပါကြောင်း၊ ပြီးလျှင် ကျောက်ဖောက်သွားများ တပ်ဆင်ထားသည့် Bucket ဖြင့် ဆက်တူးရပါကြောင်း၊ တစ်နေကုန်တူးမှ အနက် မီတာဝက်ကနေ တစ်မီတာအထိသာ လုပ်ငန်းပြီးသည့်အတွက် နေ့ရောညပါ ဆောင်ရွက်ခဲ့ရခြင်း ဖြစ်ပါကြောင်း။

မုတ္တမဘက်ကမ်းတွင်လည်း ၂၅-၈-၂၀၀၃ ရက်တွင် လုပ်ငန်းစတင်ခဲ့ပါကြောင်း၊ ချဉ်းကပ်တံတားခန်းဖွင့်အနေဖြင့် ပေ၆၀ ခြောက်ခန်း၊ ၆၂ပေတစ်ခန်း၊

သံလွင်တံတား(မော်လမြိုင်)ပေါ်တွင် ရထားနှင့်ကားများ ယှဉ်တွဲသွားလာနေသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

၈၄ပေ လေးခန်း၊ ၈၅ပေ-၇၇ခန်း၊ ပေ ၉၀ တစ်ခန်း၊ ၁၀၅ပေ တစ်ခန်း စုစုပေါင်းခန်းဖွဲ့ ၉၀ ရှိပါကြောင်း၊ အရှည်အားဖြင့် ၇၄၉၈ပေရှိပါကြောင်း၊ မုတ္တမဘက်ကမ်းတွင် ဘိုးပိုင်တူးသည့်အပိုင်း၌ ဘိုးပိုင်များကို ၁ဒသမ ၂မီတာအချင်းနှင့် တစ်မီတာခွဲ ရှိသည့် ဘိုးပိုင် ၃၇၄လုံးကို မြေဝင်မီတာ ၂၀အနက်အထိ တူးဖော်ဆောင်ရွက်ခဲ့ရခြင်း ဖြစ်ပါကြောင်း၊ ပုံမှန်မြေသားဖြစ်၍ ဘိုးပိုင်တူးရသည်မှာ အထူးမခက်ခဲသော်လည်း ကားလမ်း ချဉ်းကပ်တံတားအထက်တွင် ရထားချဉ်းကပ်တံတားကိုဖြတ်ပြီး တည်ဆောက်ရခြင်းကြောင့် ဤနေရာတွင် ကားလမ်းချဉ်းကပ်တံတား လက်ရန်းနှင့် မလွတ်သည့်အတွက် ၁၆ပေအချင်းရှိသော Caisson Foundation အုတ်မြစ် တစ်ခုတူးပြီး တံတားတိုင်ကိုလည်း ပေ ၆၀အမြင့်လောက်ထိ တည်ဆောက်ခဲ့ရပါကြောင်း၊ ယင်းနေရာတွင် ၉၇ပေရှည်သော ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မလေးချောင်းကိုလည်း ကားလမ်းချဉ်းကပ်တံတားခံနေ၍ မြေပြင်က တန် ၈၀ နှင့် တန် ၆၀ကရိန်း၊ ကားလမ်းတံတားပေါ်က တန် ၅၀ ကရိန်းများကို တစ်ပြိုင်တည်းအသုံးပြုပြီး ရက်မများကို ခက်ခက်ခဲခဲ မ,တင် တပ်ဆင်ခဲ့ရခြင်း ဖြစ်ပါကြောင်း၊ မုတ္တမဘက်ခြမ်းတွင် ၅၈ပေကနေ ၉၇ပေအထိရှည်သော Pre-tension နှင့် Post-tension ကြိုတင်အားဖြည့် သံကူကွန်ကရစ် ရက်မ ၃၅၄ချောင်းအသုံးပြုပြီး တည်ဆောက်ထားခြင်းဖြစ်ပါကြောင်း။

ယင်းတံတား၏အရှည်သည် ပင်မတံတား ၇၆၉၉ပေ၊ မော်လမြိုင်ဘက်ကမ်း ချဉ်းကပ်ရထားတံတား ၆၄၈၁ပေ၊ မုတ္တမဖက် ၇၄၉၈ ပေ စုစုပေါင်း ၂၁၆၇၈ပေ၊ မိုင်အားဖြင့် ၄ဒသမ ၁မိုင် ရှည်ပါကြောင်း၊ ရထားလမ်းချဉ်းကပ်တံတား၏ မော်လမြိုင်နှင့် မုတ္တမနှစ်ဖက်ပေါင်း ၁၃၉၇၉ပေ၊ မိုင်အားဖြင့် ၂ဒသမ ၆၅မိုင် ရှိပြီး မီးရထားခွင့်ပြုဝန် အလေးချိန်မှာ IRS-17 Ton (Indian Railway Standard) အရ တည်ဆောက်ရပြီး တံတားမှာ အကျယ် ၈ပေ၊ တစ်ဖက် တစ်ချက်လူသွားလမ်းလေးပေစီနှင့် စုစုပေါင်း၁၆ပေ ကျယ်ပါကြောင်း။

အဘက်ဘက်ကအကျိုးပြု

ဤမီးရထားချဉ်းကပ်တံတားကို ဖွင့်လှစ်ပေးနိုင်ခြင်းကြောင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ကနေ တနင်္သာရီတိုင်း ထားဝယ်မြို့အထိ မီးရထားလမ်းတစ်ဆက်တည်း သွားလာနိုင်မည်ဖြစ်၍ ဤပြည်နယ်က ပြည်သူများအတွက်သာမက တစ်နိုင်ငံလုံးက ပြည်သူများအတွက်ပါ အဘက်ဘက်က အကျိုးပြုနိုင်တော့မည် ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ယနေ့တွင် သံလွင်တံတား (မော်လမြိုင်)၏ ကားလမ်းရော၊ ရထားလမ်းအပိုင်းပါ ပြီးပြည့်စုံစွာ ဖွင့်လှစ်ပေးနိုင်ပြီဖြစ်သည့်အတွက် ယင်းတံတားကြီးကို တည်ဆောက်ရန် တာဝန်ယူခဲ့ရခြင်းကို အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ယင်းတံတားကြီးပေါ်ကနေ ကားအသုံးပြုသည့် ခရီးသည်ရော၊ ရထားအသုံးပြုသည့် ခရီးသည်များပါ အလွယ်တကူ ဖြတ်သန်းသွားနိုင်နေပြီကို တွေ့ရသည့်အတွက် အလွန်ပင် ပီတိဖြစ်မိပါကြောင်း၊ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက စေတနာထားပြီး တည်ဆောက်ပေးခဲ့သကဲ့သို့ ပြည်သူများအနေဖြင့်လည်း ယင်းတံတားကြီးကို အသုံးပြုပြီး ဘက်စုံ ကဏ္ဍစုံက ဖွံ့ဖြိုးတိုးတက်လာအောင် ဝိုင်းဝန်းဆောင်ရွက်သွားကြရန် တိုက်တွန်းအပ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

☆ တံတား၏ ထူးခြားချက်မှာ တည်ဆောက်ပြီး အခြားကား/မီးရထားတံတားများနှင့်မတူဘဲ တံတားသံပေါင်အတွင်း၌ပင် ကားလမ်း ၂၈ ပေ နှစ်လမ်းမောင်းနှင့် မီးရထားလမ်း ၁၆ပေကို ထည့်သွင်းတည်ဆောက်ထားခြင်းဖြစ်။

☆ ပင်မတံတား သံပေါင်အရှည် ၇၆၉၉ ပေ ရှိပြီး မော်လမြိုင်ဘက်ကမ်း ချဉ်းကပ်တံတားက ၁၆၂၄ ပေနှင့် မုတ္တမဘက်ကမ်းချဉ်းကပ်တံတားက ၂၂၅၂ပေ စုစုပေါင်း ကားလမ်းတံတား၏ အရှည်မှာ ၁၁၅၇၅ပေရှိသည့်အတွက် မြန်မာပြည်တွင် တည်ဆောက်ပြီးတံတားများအနက် အရှည်ဆုံးတံတားဖြစ်။

ဆက်လက်၍ မော်လမြိုင်ဘူတာနှင့် သံလွင်တံတား(မော်လမြိုင်) ရထားတံတားတည်ဆောက် ဖွင့်လှစ်ပေးသည့်အတွက် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိကြောင်း ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက မော်လမြိုင်ဘူတာနှင့် သံလွင်တံတား(မော်လမြိုင်)ရထားတံတားတည်ဆောက်ရေးတွင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဝန်ထမ်းကိုယ်စားလှယ်နှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ ဝန်ထမ်းကိုယ်စားလှယ်တို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် မော်လမြိုင်ဘူတာ ကမ္ပည်းကျောက်စာ ဖွင့်လှစ်မည့် ဘူတာဥပစာရှေ့၌ နေရာယူကြသည်။

မင်္ဂလာအချိန်ကျရောက်သည်တွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက မော်လမြိုင်ဘူတာ ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ဝန်ကြီးများဖြစ်ကြသော ဗိုလ်ချုပ်အောင်မင်းနှင့် ဗိုလ်မှူးချုပ်အုန်းမြင့်တို့က ကမ္ပည်းကျောက်စာကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ဖွင့်လှစ်လိုက်သည့် မော်လမြိုင်ဘူတာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် သံလွင်တံတား(မော်လမြိုင်) ရထားတံတားဖွင့်ပွဲအစီအစဉ်ကို ဆက်လက်ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ရထားတံတားဖွင့်လှစ်ပွဲကျင်းပမည့် ဘူတာစင်္ကြံလမ်းရှိ မင်္ဂလာမုခ်ဦး၌ နေရာယူကြသည်။

ထို့နောက် မင်္ဂလာအချိန် ကျရောက်သည်တွင် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေတို့က ဖဲကြိုးဖြတ်၍ သံလွင်တံတား(မော်လမြိုင်) ရထားတံတားကို ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် ဧည့်သည်တော်များ၊ အင်ဂျင်နီယာများနှင့်အတူ စုပေါင်း၍ ဖွင့်ပွဲအထိမ်းအမှတ် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်ဘူတာမှ နေ၍ ပထမဦးဆုံးစတင်ထွက်ခွာသည့် အမှတ်(၉၀)အစုန် မော်လမြိုင်-ရန်ကုန်အမြန်ရထားဖြင့် လိုက်ပါစီးနင်းသည့် ခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သံလွင်တံတား(မော်လမြိုင်)ရထားတံတား၏ ပင်မတံတား အရှည်မှာ ၁ ဒသမ ၄၆ မိုင်ရှိပြီး မုတ္တမဘက်ခြမ်း၌ မြေသားချဉ်းကပ်လမ်း ၁ ဒသမ ၃၀ မိုင်နှင့် တံတားချဉ်းကပ်လမ်း ၁ ဒသမ ၄၂ မိုင် စုစုပေါင်း(မြေသား+တံတား) ချဉ်းကပ်လမ်း ၂ ဒသမ ၇၂ မိုင်၊ မော်လမြိုင်ဘက်ခြမ်း၌ မြေသားချဉ်းကပ်လမ်း ၀ ဒသမ ၈၁ မိုင်နှင့် တံတားချဉ်းကပ်လမ်း ၁ ဒသမ ၂၂ မိုင် စုစုပေါင်း (မြေသား+တံတား) ချဉ်းကပ်လမ်း ၂ ဒသမ ၀၃ မိုင်ရှိသည်။ မြေသားချဉ်းကပ်လမ်း ဖောက်လုပ်ခြင်း၊ သံလမ်းခင်းခြင်းနှင့် မော်လမြိုင်ဘူတာသစ် ဆောက်လုပ်ခြင်း လုပ်ငန်းတို့ကို မြန်မာ့မီးရထားမှ အင်ဂျင်နီယာများက တည်ဆောက်ခဲ့ပြီး ပင်မတံတားကြီးနှင့် အဆိုပါ ပင်မတံတားကြီးသို့ ချဉ်းကပ်သည့် ချဉ်းကပ်တံတားများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာများက တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

မော်လမြိုင်ဘူတာသည် အလျားပေ ၂၉၀၊ အနံပေ ၁၁၀ရှိပြီး ပင်မနှစ်ထပ်ဆောက်လုပ်ထားကာ ထိန်းချုပ်မျှော်စင်တစ်ခု ပါဝင်သည်။ စုစုပေါင်းကြမ်းခင်း ဧရိယာစတုရန်းပေ ၆၃၈၀၀ ရှိသည်။ (သတင်းစဉ်)

ဆက်ကပ်

ရန်ကုန်တိုင်း တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ပင်ရွှေညောင်လမ်းရှိ အရိယာမဂ္ဂင်ကမ္မဋ္ဌာန်းကျောင်းတိုက်၏ ရဟန်းခံရှင်ပြုအလှူနှင့် ဆရာတော်ကြီး ဘဒ္ဒန္တနန္ဒိယ၏ အကြိမ်(၃၀)မြောက် သိက္ခာကံထပ်ပွဲကို (မဟာသင်္ကြန်အကြိုနေ့) ဧပြီ ၁၃ရက်က ကျင်းပရာ အလှူရှင်တပည့်များက ဆရာတော်ကြီးအား ပစ္စည်းလေးပါးတို့ကို ဆက်ကပ်ကြစဉ်။ (က–ပ)

ထူးထူးခြားခြား အင်တာနက်အားကစား

ဝက်အိုလံပစ်အားကစားပွဲတော် မြို့တော်မော်စကိုတွင် ကျင်းပ

မော်စကို ဧပြီ ၁၈

နိုင်ငံပေါင်း ခုနစ်နိုင်ငံမှ ပါဝင်ယှဉ်ပြိုင်သော ဝက်အိုလံပစ် အားကစားပွဲတော်ကို ရုရှားနိုင်ငံ မြို့တော်မော်စကိုတွင် ပြီးခဲ့သည့် ရက်သတ္တပတ်က ကျင်းပခဲ့ကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဝက်အိုလံပစ်အားကစားပွဲတော်၏ ပထမနေ့တွင် ပြိုင်ပွဲဝင်သည့် ဝက်ပေါက်စ ၁၂ကောင်က အပြေးပြိုင်ပွဲ၊ ရေကူးပြိုင်ပွဲနှင့် ဘောလုံးပြိုင်ပွဲတို့တွင် အကြိတ်အနယ် ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ဝက်အိုလံပစ်အားကစားပွဲတော်သို့ မော်စကိုမြို့တော်သူ မြို့တော်သားရာပေါင်းများစွာ လာရောက်ကြည့်ရှုအားပေးကြသည်။ ပြိုင်ပွဲဝင်မည့် ဝက်ပေါက်စများကို ဝက်အိုလံပစ်ပွဲတော်ကျင်းပမည့် ပြိုင်ကွင်းရှိရာသို့ ၎င်းတို့၏ ပိုင်ရှင်များက ခေါ်ဆောင်လာကြရာ ပြိုင်ကွင်းအတွင်း ဝက်များ၏ ဆူညံစွာအော်ဟစ်သံများ သောသောညံလျက်ရှိသည်။ ပြိုင်ပွဲဝင်သည့်ဝက်တို့ကို ခွဲခွဲခြားခြားသိရှိနိုင်ရန် ၎င်းတို့၏သွားရည်ခံ အဝတ်ပေါ်တွင် ကိုယ်ပိုင်နံပါတ်များကို ရေးမှတ်ထားသည်။

ဝက်အိုလံပစ်အားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်သော ဝက်များမှာ ကမ္ဘာ့နိုင်ငံ ခုနစ်နိုင်ငံကို ကိုယ်စားပြု၍ ပါဝင်ယှဉ်ပြိုင်ကြသည်။ ယူကရိန်းနိုင်ငံမှ ဝက်ကလေးမိုင်ကိုလာ၊ တောင်အာဖရိကနိုင်ငံမှ ဝက်ကလေး နယ်လ်ဆင်၊ ရုရှားနိုင်ငံမှ ဝက်ကလေး ရူးဆစ်ရှဝိန်း စသည့် ပြိုင်ပွဲဝင်ဝက်ပေါက်စများကို ပရိသတ်က နှစ်ခြိုက်စွာ အားပေးကြည့်ရှုကြသည်။

ဝက်ဘောလုံးပြိုင်ပွဲကျင်းပပုံမှာ ခြံခတ်ထားသောကွင်းတစ်ကွင်းအတွင်း ဝက်တို့ကြိုက်နှစ်သက်သည့် အနံ့ရရှိသော ဘောလုံးတစ်လုံးကို ချပေးထားကာ ဂိုးတိုင်အတွင်းသို့ ဘောလုံးဝင်အောင် နှုတ်သီးဖြင့်ထိုးကာ ယှဉ်ပြိုင်ကစားစေခြင်းဖြစ်သည်။

ဝက်အိုလံပစ်အားကစားပွဲတော်သို့ ထင်ပေါ်ကျော်ကြားသော ပုဂ္ဂိုလ်အချို့ပင် လာရောက်ကြည့်ရှုအားပေးကြသည်။

ဝက်အိုလံပစ်အားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်သောဝက်များသည် အနာဂတ်ဘဝ တောက်ပြောင်သည့် ဝက်များပင်ဖြစ်ကြောင်း၊ ၎င်းတို့သည် သားသတ်ရုံများသို့ရောက်နိုင်သည့်အန္တရာယ်မှကင်းဝေးကြောင်း၊ မိမိတို့နိုင်ငံတွင် အားကစားပွဲတော်များအတွက် လေ့ကျင့်ပေးထားသော ဝက်မျိုးဆက်သစ်ပေါ်ထွန်းလာပြီဖြစ်ကြောင်း ဝက်အားကစားပွဲများ ကျင်းပရေး အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ အလက်ဇီရှာရုကော့စ်က ပြောကြားသည်။

အင်တာနက်

ဧပြီ ၁၅ရက်က မြို့တော် မော်စကိုတွင်ကျင်းပသော ဝက်အိုလံပစ် အားကစားပွဲတော် ဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ကစားနေသော ဝက်များကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ကြေးမုံ ပြည်ပ အားကစားသတင်း

ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃၅)ကျင်းပ ချယ်လ်ဆီးအသင်း ဆုဖလားရရှိရန် တစ်မှတ်မျှသာလိုတော့

လန်ဒန် ဧပြီ ၁၇

အင်္ဂလိပ် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃၅)ကို တနင်္လာနေ့ကကျင်းပရာတွင် ချယ်လ်ဆီးအသင်းက အဲဗာတန်အသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် သုံးပွဲကစားရန်ရှိနေပြီး ချန်ပီယံဆုဖလားကို နှစ်နှစ်ဆက်တိုက် ဆွတ်ခူးရယူရန် တစ်မှတ်မျှသာလိုတော့သည်။ ချယ်လ်ဆီးအသင်းသည် နောက်ဆုံးလက်ကျန်သုံးပွဲကို ကစားရန်ရှိနေချိန်တွင် မန်ချက်စတာယူနိုက်တက်အသင်းထက် ကိုးမှတ်အသာရရှိမှုကို ဆက်လက်ထိန်းထားနိုင်သည်။

ဧပြီ ၁၇ရက်က စတမ်းဖို့ဒ်ဘရစ်ချ်ကွင်းတွင် ကျင်းပသော ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ၌ ချယ်လ်ဆီးအသင်းမှ ဝီလျံဂေါလပ်စ် ကန်လိုက်သည့် ဘောလုံးကို အဲဗာတန်အသင်းမှ ဂျိမ်းစ်ဘက်တီက ရင်ဘတ်ဖြင့်ထိန်းချုပ်ရယူစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ချယ်လ်ဆီးအသင်းသည် ၎င်း၏ အိမ်ကွင်းဖြစ်သော စတမ်းဖို့ဒ်ဘရစ်ချ်ကွင်းတွင် အဲဗာတန်အသင်းကို အိုင်ဗရီကို့စ် တိုက်စစ်မှူး ဒရော့ဘာ၊ ဖရန့်ခ်လမ်းပတ်နှင့် မိုက်ကယ်အက်ဆီယန်တို့၏ ဂိုးများနှင့်အတူ အနိုင်ရရှိခဲ့သည်။

ပထမပိုင်းအပြီးတွင် ချယ်လ်ဆီးအသင်းက တစ်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ဒုတိယပိုင်း ပြန်လည်စတင်အပြီး နှစ်မိနစ်အကြာတွင် အဲဗာတန်အသင်းမှ လီကာစလေ ထုတ်ပယ်ခံခဲ့ရသဖြင့် ၁၀ ဦးတည်းဖြင့် ဆက်လက်ကစားခဲ့ရသည်။

မန်ချက်စတာယူနိုက်တက်–စပါး

မန်ချက်စတာယူနိုက်တက်အသင်းသည် တိုက်စစ်မှူး ဝိန်းရူနီ၏ အနိုင်ဂိုးများနှင့်အတူ တော့တင်ဟမ်ဟော့စပါးအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် အမှတ်ပေးဇယားတွင် ၇၉မှတ်ဖြင့် ဒုတိယနေရာ၌ ရပ်တည်လျက်ရှိသည်။ ချယ်လ်ဆီးအသင်းမှာမူ ၃၅ပွဲ ကစားပြီး ၈၈ မှတ် ရရှိထားသည်။ လီဗာပူးအသင်းမှာမူ ၇၃ မှတ်ဖြင့် တတိယနေရာတွင် ရှိနေသည်။

အင်္ဂလန်တိုက်စစ်မှူး ဝိန်းရူနီတစ်ဦးတည်းက နှစ်ဂိုးသွင်းပေးခဲ့ပြီးနောက် အနိုင်ရရှိသော မန်ချက်စတာယူနိုက်တက်အသင်း၏ လှုပ်လှုပ်ရှားရှား အနေ အထားကြောင့် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲမှာ နောက်ထပ် ရက်သတ္တတစ်ပတ်မျှ ယှဉ်ပြိုင်မှုများ ဆက်လက်မြင့်မားနေမည်ဖြစ်သည်။

ပွဲချိန် ရှစ်မိနစ်တွင် ခရစ္စတီယာနိုရော်နယ်ဒို ဖြတ်ပို့ပေးသော ဘောလုံးမှ တစ်ဆင့် ဝိန်းရူနီက အဖွင့်ဂိုး သွင်းယူခဲ့သည်။

ပွဲချိန် ၃၆မိနစ်တွင် ရူနီကပင် နောက်ထပ်တစ်ဂိုး သွင်းယူခဲ့ပြီး စပါးအသင်းမှ ဂျေးနက်စ်က ပွဲချိန် ၅၃ မိနစ်တွင် ချေပဂိုးတစ်ဂိုး သွင်းယူခဲ့သည်။

အခြားပွဲရလဒ်များ

ချာလ်တန်	(၂–၁)	ပို့စ်မောက်
မစ်ဒယ်ဘရော့	(၂–၀)	ဝက်စ်ဟမ်း
ဆန်ဒါလန်း	(၁–၄)	နယူးကာဆယ်
ဝက်စ်ဘရွမ်း	(၀–၀)	ဘော်လ်တန်

အမ်အင်အေ၊ ရိုက်တာ။

လန်ဒန်တွင် ဧပြီ ၁၇ရက်ကကျင်းပသော ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲတွင် စပါးအသင်းမှ ရော်ဘီကိန်းနှင့် မန်ချက်စတာယူနိုက်တက်အသင်းမှ ပက်ဂျီဆွန်တို့ကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၈–၄–၂၀၀၆

မုံရွာ
၂ ဒသမ ၇၅ လက်မ

စစ်ကိုင်း
၂ ဒသမ ၅၆ လက်မ

သထုံ
၁ ဒသမ ၈၁ လက်မ

မော်လမြိုင်
၁ ဒသမ ၅၈ လက်မ

ဘားအံ
၀ ဒသမ ၈၇ လက်မ

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၉–၄–၂၀၀၆ (ဗုဒ္ဓဟူးနေ့)
(၁၃၆၈ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော်(၇)ရက်)
(အဖိတ်နေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကရေ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၅။ အတီးပြိုင်ပွဲ
၈း၀၀ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈း၁၅ ၇။ အဆိုပြိုင်ပွဲ
၈း၂၀ ၈။ ပမ္မဝတီတံတား(မြင်းကဆိပ်)
၈း၃၀ ၉။ International News.
၈း၄၅ ၁၀။ Let's Go.
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၃၀ ၃။ Practice In Reading
၄း၄၅ ၄။ တေးဂီတအစီအစဉ်
၅း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၅း၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၅း၂၅ ၇။ မြန်မာစာ၊ မြန်မာစကား
၅း၃၅ ၈။ သီချင်းကြီးပဒေသာ
၅း၄၅ ၉။ **"အန္တရာယ်ဆိုတာ လက်တစ်ကမ်းမှာ" (စိုးသူ၊ နန်းကလျာလှိုင်) (ဒါရိုက်တာ–စောစန္ဒာလှိုင်)**
၅း၅၀ ၁၀။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၃။ အရေးပြိုင်ပွဲ
၆း၄၅ ၁၄။ အကပြိုင်ပွဲ
၇း၀၀ ၁၅။ တေးဂီတအစီအစဉ်
၇း၁၅ ၁၆။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၇း၂၅ ၁၇။ အတီးပြိုင်ပွဲ
၇း၄၀ ၁၈။ မြန်မာမှုပန်းဆယ်မျိုး (ပန်းတဉ်း)
၈း၀၀ ၁၉။ ပြည်တွင်းသတင်း
၂၀။ နိုင်ငံတကာသတင်းများ
၂၁။ မိုးလေဝသအခြေအနေ
၂၂။ **၂၀၀၅ခုနှစ်၊ တေရသမအကြိမ် (၁၃ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ "ဝိဓူရဇာတ်တော်ကြီး" (မကွေးတိုင်း) (အပိုင်း–၂)**
၂၃။ နောက်တစ်နေ့အစီအစဉ်
၂၄။ အစီအစဉ်ပြီး၏။

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

ဒုတိယအကြိမ် ကြည့်မြင်တိုင်ကျောင်းကြီးတိုက် မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး နှစ်ဦးဓမ္မသဘင် အထူးတရားပွဲ

"သစ်ဆန်းကြားနာ၊စင်ကြယ်စွာသား" ယုံမှားပယ်တတ်၊ ဖြောင့်မတ်ယူမြင်၊ စိတ်ကြည်လင်ရိုး၊ ဤငါးမျိုးသည် တရားနာရာ အကျိုးတည်း။ ။

အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဗုဒ္ဓဘုရားဟောကြားတော်မူသည့်အတိုင်း ဘုရားရှင်၏ တရားတော်များကို ရိုသေစွာကြားနာရသူတိုင်း အထက်ပါ အကျိုးတရားငါးပါးတို့ဖြင့် ပြည့်စုံကြစေရန် စိတ်ရည်သန်၍ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက်အတွင်း ကိန်းဝပ်စံပယ်လျက်ရှိသော မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး၏ ဒုတိယအကြိမ် နှစ်ဦးဓမ္မသဘင် အထူးတရားပွဲကို တစ်ဖက်ပါအတိုင်း ဆင်ယင် ကျင်းပမည်ဖြစ်ပါ၍ သဒ္ဓါတရား ဦးထိပ်ထားလျက် တရားနာ ကြွရောက်ပါရန် ကောင်းမြတ်သော မနသီ၊ရှင်ကြည်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ဟောကြားမည့်ဆရာတော်ကြီးများ	ဟောကြားမည့်နေ့ရက်	အထူးတရားပွဲအစီအစဉ်
သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒ သာသနဒ္ဓဇ၊ ဓမ္မာစရိယ၊ဓမ္မကထိက ဗဟုဇနဟိတဓရ၊သဒ္ဓမ္မဇောတိကဓဇ ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက်၊ တံခွန်တိုင်၊တမာတန်း၊ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့	၁၃၆၈ ခု၊ ဦးတန်ခူးလပြည့်ကျော်(၉)ရက် သောကြာနေ့ (၂၁-၄-၂၀၀၆)	**ကျင်းပမည့်နေ့ရက်** ၁၃၆၈ ခု၊ ဦးတန်ခူးလပြည့်ကျော်(၉)ရက်နေ့မှ (၁၁)ရက်နေ့အထိ ၂၀၀၆ ခုနှစ်၊ ဧပြီ(၂၁)ရက်နေ့မှ (၂၃)ရက်နေ့အထိ
အရှင်ဇဝန (မေတ္တာရှင်၊ ရွှေပြည်သာ) မန္တလေးကျောင်းတိုက်၊ ရွှေပြည်သာမြို့နယ်	၁၃၆၈ ခု၊ ဦးတန်ခူးလပြည့်ကျော်(၁၀)ရက် စနေနေ့ (၂၂-၄-၂၀၀၆)	**ကျင်းပမည့်နေရာ** မဟာသကျမုနိရုပ်ပွားတော်မြတ် ဂန္ဓကုဋိတန်ဆောင်းတော်ကြီး၊ ကျောင်းကြီးတိုက်၊ ကျောင်းကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်
ပထမကျော် ဓမ္မာစရိယ အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)	၁၃၆၈ ခု၊ ဦးတန်ခူးလပြည့်ကျော်(၁၁)ရက် တနင်္ဂနွေနေ့ (၂၃-၄-၂၀၀၆)	**ကျင်းပမည့်အချိန်** ညစဉ်(၇း၀၀)နာရီ

နှစ်ဖက်သောမိဘများနှင့် ခင်ပွန်း ဒေါက်တာ ဦးငြိမ်းမောင်တို့အားရည်စူး၍ ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်း အင်း၀ လမ်းနေ ဒေါ်ခင်မငြိမ်း နှင့် သားသမီး၊မြေးတစ်စုတို့က ဒဂုံမြို့နယ် အမှတ်၁၂ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ကျပ်တစ်သိန်းငါးသောင်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန)အတွင်းရေးမှူးဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ကန်တော်ကလေး ၉၃လမ်း ဓမ္မာရုံတရားပွဲ

ရန်ကုန် ဧပြီ ၁၈

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး အရှေ့ပိုင်းရပ်ကွက် ၉၃ လမ်း ဓမ္မာရုံကြီးတွင် ဧပြီ ၂၁ ရက်မှ ၂၃ ရက်အထိ ညစဉ် ၇ နာရီမှစ၍ တရားပွဲကျင်းပမည်ဖြစ်ရာ ဧပြီ ၂၁ ရက်တွင် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရ (ပန်းတစ်ပွင့်တောင်ဆရာတော်)၊ ဧပြီ ၂၂ ရက်တွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ သ-စ-အ ပါဠိပါရဂူ အဂ္ဂမဟာအကျော် အရှင်သိရိန္ဒာဘိဝံသ (ယောဆရာတော်)၊ ဧပြီ ၂၃ ရက်တွင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ သီတဂူဆရာတော် အရှင်ဉာဏိဿရ (D.Litt) (Ph.D) တို့က နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဟောကြားမည်ဖြစ်ရာ ဓမ္မမိတ်ဆွေ အပေါင်း ကြွရောက်တရားနာယူကြရန် နှိုးဆော်ထားသည်။

(ကြေးမုံ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြန်မာကျောင်း တိုးချဲ့မြေကွက်သစ်ဝယ်ယူရန်အတွက် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၊ ၃၃ လမ်းနေ ဦးဖိုးထွေး-ဒေါ်တင်တင်နွယ်တို့က အလှူတော်ငွေ ကျပ် ၂၀၀၀၀၀ကို ရန်ကုန်မြို့ မြေနီကုန်း ကျောင်းလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အထွေထွေအကျိုးတော်ဆောင် ဆရာတော် ဒေါက်တာအရှင်သုန္ဒရ (လုမ္ဗိနီ) ရှေ့မှောက်၌ တာဝန်ခံကိုမျိုး(လျှပ်စစ်)ထံ ဧပြီ ၆ ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

နှစ်ဆန်းတရားစခန်းပွဲနှင့်ဓမ္မာရုံအုတ်မြစ်စီမင်္ဂလာပွဲ

ရန်ကုန် ဧပြီ ၁၈

မြောက်ဦးမြို့ ရတနာစံဦးတိုက် ရတနာမာရ်အောင် တောရဓမ္မရိပ်သာ၏ ပဓာန နာယက ဆရာတော်ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဝါယာမိန္ဒ ဦးစီးလျက် ဧပြီ၂၃ရက်မှ ဧပြီ ၂၉ရက်အထိ ခုနစ်ရက်တိုင်တိုင် ကမ္ဘာ့အေးကုန်းမြေရှိ ညောင်ရမ်းစေတီဓမ္မာရုံကြီးတွင် နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာ တရားတော်များနှင့် ကျင့်ကြံအလုပ်ပေး တရားတော်များကို ဟောကြားမည်ဖြစ်သည်။

စခန်းဝင်မည့် ယောဂီများသည် ဧပြီ ၂၂ ရက် (စနေနေ့) ည ၇ နာရီအရောက် ကြွရောက်ကြပါရန်နှင့် ဧပြီ ၂၆ ရက် နံနက် ၉ နာရီတွင် မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် မြတ်လေးလမ်းရှိ ရတနာမာရ်အောင်ကျောင်းတိုက်ဝင်းအတွင်း ဓမ္မာရုံကြီးနှင့် အရံအဆောက်အအုံများကို အုတ်မြစ်စီမင်္ဂလာကျင်းပမည်ဖြစ်၍ တပည့် ဒါယကာ၊ ဒါယိကာမအပေါင်း ကြွရောက်ကြပါရန် နှိုးဆော်ထားသည်။ (က-ပ)

နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်

ရန်ကုန် ဧပြီ ၁၈

ဧရာဝတီတိုင်း ပုသိမ်မြို့ အမှတ်(၈)နယ်မြေမဟာဗောဓိစေတီ ရင်ပြင်တော် ဓမ္မသဘင်တွင် ဧပြီ ၁၉ရက်တွင် မြိုင်ဆရာတော်နှင့် ဧပြီ ၂၀ ရက်တွင် ဖြူးဆရာတော်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

ပေးအပ်လှူဒါန်း

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးအတွက် ရန်ကုန်မြို့ သာကေတမြို့နယ် (၃)ရပ်ကွက် ရန်ပြေ ၉ လမ်းနေ(ကိုမြတ်စိုး) MS စတိုး၊ သိမ်ကြီးဈေး(ဒီ)ရုံ ငါးနှစ်ပြည့်အား ရည်စူး၍ ဦးရွှေထွန်း - ဒေါ်ဖြူမိသားစုက ငွေကျပ် ၁၀၀၀၀၀ ကို အဖွဲ့ဝင် ဒေါက်တာအောင်ချိုထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဆေးဝါးရောင်းချရာတွင် လိုက်နာရန်ကိစ္စများ ဆွေးနွေး

ရန်ကုန် ဧပြီ ၁၈

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း၏ ဆေးဝါးရောင်းချရာတွင် လိုက်နာဆောင်ရွက်ရန် ကိစ္စရပ်များနှင့် သက်ဆိုင်သော အလုပ်ရုံဆွေးနွေးပွဲ အပတ်စဉ်(၆) ပိတ်ပွဲအခမ်းအနားကို ဧပြီ ၇ ရက်က ပုဇွန်တောင်မြို့နယ် အမှတ်(၉၁/၉၃)(၄၉)လမ်း မြန်မာနိုင်ငံ စာရင်းကိုင်များအသင်းတွင် ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင် မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက အဖွင့်အမှာစကား ပြောကြားပြီး ဆေးတက္ကသိုလ်(၂)မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာအောင်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားသည်။ ဆက်လက်၍ တာဝန်ရှိသူများက သင်တန်းတွင် သင်တန်းပို့ချပေးသော ဆရာဝန်ကြီးများအား ဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။

(ကြေးမုံ)

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက် ကမာကြည်လမ်းရှိ ဝါတွင်း၊ဝါပ (ကြာသပတေးနေ့)သံဃဒါနဆွမ်းလောင်းအသင်းဓမ္မာရုံ၏ ငွေရတုအထိမ်းအမှတ်ဓမ္မာရုံ ကွန်ကရစ်ကြမ်းခင်းပြီးစီးခြင်းရေစက်ချအလှူတော် မင်္ဂလာအခမ်းအနားကို ဧပြီ ၁၇ရက်က ကျင်းပရာ ဓမ္မာရုံဥက္ကဋ္ဌ ဦးစိုးနိုင်၊ အတွင်းရေးမှူး ဦးပေါ်ညွန့်နှင့် အဖွဲ့ဝင် ဦးသိန်းတို့က ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (၅၀၆)

တနင်္သာရီတိုင်းနှင့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့၏ ဖွံ့ဖြိုးတိုးတက်ရေးကို ပို့ဆောင်ရေးလမ်းကြောင်းအပိုင်းကနေပြီး ပိုမိုအထောက်အကူပြုမှာ သေချာ

▲ ရှေ့ဖုံးမှ

ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မော်လမြိုင်ဘူတာနှင့် သံလွင်တံတား (မော်လမြိုင်)ရထားတံတားတည်ဆောက်ရေးတွင် တာဝန်ယူ ကြိုးပမ်း တည်ဆောက်ခဲ့ကြသော ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် မြန်မာ့မီးရထားတို့မှ အင်ဂျင်နီယာများနှင့်ဝန်ထမ်းများ၊ ဒေသခံတိုင်းရင်းသား ပြည်သူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ သူနာပြုများ၊ ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ စည်တော်အဖွဲ့၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များ စုစုပေါင်းအင်အား ၅၅၀၀ကျော် အင်တိုက်အားတိုက် တစ်ခဲနက် တက်ရောက်ကြသည်။ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❖

ယခုအချိန်တွင် မွန်ပြည်နယ်၏ လမ်းပန်းဆက်သွယ်မှုများသည် တစ်နေ့တခြား အရှိန်အဟုန်ဖြင့် တိုးတက်ကောင်းမွန်လာသည့်အတွက် ကုန်စည်စီးဆင်းမှု၊ ရောင်းဝယ်ဖောက်ကားမှုများသည်လည်း အရှိန်အဟုန်ဖြင့် တိုးတက်အောင်မြင်ဖြစ်ထွန်းလာမည်။

သံလွင်တံတား (မော်လမြိုင်) ရထားတံတားကို တွေ့ရစဉ်။ (သတင်းစဉ်)

ယနေ့ မိုးလေဝသ

(၁၉-၄-၂၀၀၆)

နေပြည်တော်မြို့တော်

နေပြည်တော် မြို့တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း (၆၀)ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း (၄၀)ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း (၆၀)ဖြစ်သည်။

ဝန်ကြီး ဦးအောင်သောင်း ရော်ဘာခြံနှင့် ဆီအုန်းခြံများကို ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၁၈

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ရော်ဘာစိုက်ပျိုးထုတ်လုပ်ရေးခြံ (တောင်ကုတ်)၊ ရော်ဘာစိုက်ပျိုးထုတ်လုပ်ရေးခြံ(သံတွဲ)နှင့် သံတွဲဆီအုန်းခြံတို့ကို ဧပြီ ၁၆ ရက် နံနက်ပိုင်းတွင် လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ရှေးဦးစွာ ဝန်ကြီးသည် ရော်ဘာစိုက်ပျိုးထုတ်လုပ်ရေးခြံ(တောင်ကုတ်)သို့ နံနက် ၇ နာရီတွင် ရောက်ရှိရာ ခြံတာဝန်ခံ ဦးမြင့်သွင်က ရော်ဘာစိုက်ပျိုးထုတ်လုပ်ရေးခြံ(တောင်ကုတ်)နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် တာဝန်ရှိသူများနှင့် ဝန်ထမ်းများအား တွေ့ဆုံမေးမြန်းပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယင်းနောက် ရော်ဘာကိုင်းပွားခင်း၊ ကုန်ချောရော်ဘာပြားထုတ်လုပ်ထားမှုနှင့် ရော်ဘာစိုက်ခင်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ **စာမျက်နှာ ၆ ကော်လံ ၁ သို့** ❐

သံတွဲဆီအုန်းခြံ

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း သံတွဲမြို့နယ် သံတွဲ ဆီအုန်းခြံတွင် ကြည့်ရှုစစ်ဆေးစဉ်။

(စက်မှု-၁)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး